www.burmeseclassic.com

ပခုက္ကူဦးအုံးဖေစာပေဆု

# မညိုးပန်းဝေ ဥယျာဉ်မြေ
# နှင့်
# အခြားကဗျာများ

BURMESE CLASSIC

## မောင်စိုးမြတ် (ချောင်းဦး)

လှသစ်စာအောင်အောင်းလျှား

www.burmeseclassic.com

www.burmeseclassic.com

# ကန်တော့ပန်း

ဘုရား တရား သံဃာ
မိဘနှင့် ဆရာသမား။

ဆယ်ဖြာ လက်အစုံ
ကျောင်းမိုးပွင့်မိုးပုံပုံရယ်နှင့်
ဦးခိုက်ဝပ်တွား။ ။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | မည်သို့ပန်းဝေ ဥယျာဉ်မြေ | .. | ၁ |
| ၂။ | သာသနာ့အောင်နန်း မြတ်တောင်တန်း | .. | ၂ |
| ၃။ | အမေ့အိုး၏ ဝမ္မတေး | .. | ၄ |
| ၄။ | အတိတ်၏ အရိပ်များ | .. | ၅ |
| ၅။ | ကွန်းရိပ်သာယာ ပြည်မြန်မာ | .. | ၆ |
| ၆။ | ရွှေနိုင်ငံခေတ် အမြင်သစ် | .. | ၇ |
| ၇။ | အလှအညာမြေ | .. | ၉ |
| ၈။ | တော်ဝင်အောင်မြေ | .. | ၁၁ |
| ၉။ | ပုဂံသက်သေ | .. | ၁၃ |
| ၁၀။ | မြန်မာပြည်သား | .. | ၁၄ |
| ၁၁။ | အဖိုးထိုက် ပြည်သား | .. | ၁၅ |
| ၁၂။ | စိုက်ပျိုးရေးအောင်ပွဲ | .. | ၁၇ |
| ၁၃။ | သိင်္ဂီရ ရောဝတီ | .. | ၁၉ |
| ၁၄။ | ဝိရ ချင်းတွင်း | .. | ၂၁ |
| ၁၅။ | မြန်မာတို့စံ မြန်မာ့တန် | .. | ၂၃ |
| ၁၆။ | သမိုင်းစဉ်လာ ပေါင်းစုကာ | .. | ၂၅ |
| ၁၇။ | ရင်ဆိုင်ခြင်းရလဒ် | .. | ၂၇ |
| ၁၈။ | ဘဝအောင်ပွဲ | .. | ၂၈ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၁၉။ | အုတ်မြစ် | ၂၉ |
| ၂၀။ | အခြေအနေ | ၃၀ |
| ၂၁။ | မြန်မာ့အင်အား | ၃၁ |
| ၂၂။ | ကမ်းနိမ့်ရှာ | ၃၂ |
| ၂၃။ | ဂေါ်ဇိန် | ၃၄ |
| ၂၄။ | အစဉ်သဖြင့် အဆင့်သင့် | ၃၆ |
| ၂၅။ | အမှန်ချမ်းသာ မြတ်ချမ်းသာ | ၃၇ |
| ၂၆။ | အတွက်ကင်းဝေး သုခဆေး | ၃၈ |
| ၂၇။ | စမ်းရေနှင့်အရိပ် | ၃၉ |
| ၂၈။ | မာယာတောမှ သောကသည် | ၄၀ |
| ၂၉။ | ဆုံလည်နွားနှင့် မီးရထား | ၄၁ |
| ၃၀။ | တိမ်ပုပ်မိုး | ၄၂ |
| ၃၁။ | သူစိမ်း | ၄၃ |
| ၃၂။ | အပူမှိုင်း | ၄၄ |
| ၃၃။ | ယုံကြည်ရာ ဘဝလမ်း | ၄၅ |
| ၃၄။ | အရင်းခံ | ၄၆ |
| ၃၅။ | သုခလမ်း | ၄၇ |
| ၃၆။ | ရိက္ခာမှန် | ၄၈ |
| ၃၇။ | လယ်ယာမြေ အောင်ပွဲ | ၄၉ |
| ၃၈။ | အညာမြေ အောင်ပွဲ | ၅၁ |
| ၃၉။ | ကျေးလက်အလင်း | ၅၃ |
| ၄၀။ | အလှသစ်ချိန် အားသစ်ချိန် | ၅၅ |
| ၄၁။ | ရေစုန်လိုက်သူသို့ | ၅၇ |


www.burmeseclassic.com

www.burmeseclassic.com


၄၂။ နှလုံးသား ပွဲပြင်မှု .. ၅၈
၄၃။ အမြင့်တက်သူများ .. ၅၉
၄၄။ ထမင်းအိုးတင်းအိုး .. ၆၀
၄၅။ ရက်ကန်းစင် ဖူးစာ .. ၆၁
၄၆။ အစ်ကို့လယ်တော ပျို့လယ်တော .. ၆၂
၄၇။ ရေခပ်လမ်း .. ၆၄
၄၈။ ကျေးလက် ပွဲခင်း .. ၆၆
၄၉။ ကျေးလက် ဘုရားပွဲ .. ၆၈
၅၀။ သုံးရာသီ ပြောင်းလွဲခြင်း .. ၇၀
၅၁။ တိမ်တောက်ချိန် .. ၇၁
၅၂။ မြန်မာ့ဓား .. ၇၂
၅၃။ ကုသလ အမျှဝေခြင်း .. ၇၃
၅၄။ မွန်မြတ်စိတ်မွေး မြယဉ်ကျေး .. ၇၄
၅၅။ နှလုံးသားဆန္ဒ .. ၇၅
၅၆။ ထွက်ပေါက် .. ၇၆
၅၇။ အသွင်မတူ ဆည်းဆာ .. ၇၇
၅၈။ မူးယစ်ကင်းဝေး တိုက်ဖျက်မနေး .. ၇၈
၅၉။ အမှန်လမ်းနှင့် အောင်ပန်းဝင် .. ၇၉
၆၀။ မြန်မာ့ကပွဲ .. ၈၀
၆၁။ မြန်မာ့စာပေ .. ၈၂
၆၂။ သိင်္ဂီရ ရိပ်မြုံ .. ၈၄
၆၃။ ရသဖြိုးလျှံ ဆန္ဒမှန် .. ၈၅


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မညှိုးပန်းစေ ဥယျာဉ်မြေ

မုန်တိုင်းလေကြမ်း၊ တိုက်ခတ်ရမ်းလည်း
ပန်းလှမညှိုး၊ အလှတိုးသည်
ဖွံ့ ဖြိုးလျက်နေ အေးချမ်းမြေ။

များနှင့်ပိတုန်း၊ ဝတ်ရည်သုံးလည်း
ကုန်ဆုံးမခန်း၊ မခြောက်နွမ်းဘဲ
ပန်းလှဂုဏ်အင် ဖူးပွင့်ဆင်။

ပိုးမွှားအဖျက်၊ မြဲနှောင့်ယှက်လည်း
မပျက်ဖူးပွင့်၊ အလှဆင့်သည်
တင့်တယ်ဂုဏ်အင် ပန်းတော်ဝင်။

နွေနေပြင်းထန်၊ ပူရှိန်ဖန်လည်း
ရှင်သန်ထူးတင့်၊ အလှဆင့်ကာ
ဝင့်ကြွားပန်းမန် ရနံ့လျှံ။

မညှိုးပန်းလှ၊ တိုးစွမ်းပြ၍
ခူးကြခြွေခြွေ၊ မနွမ်းကြေပါ၊
ဝေမြဲပွင့်မြဲ၊ မွှေးနံ့ကဲပြီး
ဟန်ဖွဲ့အားဆင်၊ များဂုဏ်အင်နှင့်
ဥယျာဉ်မြိုင်စန်း၊ အလှလွှမ်းလျက်
သစ်ဆန်းထူးတင့် နေတကား။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# သာသနာ့အောင်နန်း မြတ်တောင်တန်း

ရောကမ်းထက်၊ အနောက်ဘက်လျှင်
လှမ်းဆက်သွယ်တန်း၊ မြတ်တောင်တန်း၏
ဘုံနန်းရိပ်သာ၊ မြေမဟာသည်
သာသနာရောင်၊ ထွန်းသစ်ပြောင်၍
အမှောင်ပယ်ခွင်း၊ တရားလင်းလျက်
မင်းကွန်းမင်းဝံ၊ ပြည့်တံခွန်တည့်
မွန်မြတ်သမိုင်း၊ တောင်တံတိုင်းတို့
စစ်ကိုင်းတောင်ရိုး၊ မော်ကွန်းထိုးသည်
ကောင်းကျိုးဖြာဝေ သာသနာ့မြေ။

စေတီဘုရား၊ ပုထိုးများနှင့်
ကြီးမားခေါင်းလောင်း၊ လိုဏ်ဂူကျောင်းနှင့်
ဂုဏ်ပေါင်းဝန်းရံ၊ ဓမ္မခန်နှင့်
နိုင်ငံတိပိဋက၊ သင်ပို့ချကာ
သာသနာ့အာဇာနည်၊ ပေါ်ထွန်းသည်တည့်
သိတဂူခေါ်၊ ဆေးရုံတော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ထူးပေ၊ ရေပေးဝေလျက်
စာပေသင်ပြ၊ မြတ်ဓမ္မ၏
ဗုဒ္ဓတက္ကသိုလ်၊ ပြည့်ဗဟိုနှင့်
များထိုအပေါင်း၊ သူတော်ကောင်းတို့
ကိန်းအောင်းစံရာ အောင်မြေသာ။
ဟိုရှေးယခင်၊ သူတော်စင်တို့
ထင်ပေါ်ထူးတင့်၊ ဂုဏ်ပေါင်းဆင့်လျက်
မြင့်တင်သသနာ၊ တိုးပွားလာ၍
ရောအနောက်ကမ်း၊ တရားနန်းသည်
မခန်းအံ့ဖွယ်၊ ကမ္ဘာ့လယ်တွင်
ဝင့်ထည်ထူးမြတ် ပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# အမေအိုစာ မမွေပေး

နံနက်လင်းလျှင် အိပ်ရာထ
မေမေ ရှုတ်နေကျ
ဩကာသ ဩကာသ ဩကာသ။

အိပ်သန့်ရှင်းရင်း တဗွဗွ
မေမေ ရှုတ်နေကျ
အနိစ္စ ဒုက္ခ အနတ္တ။

ဆီမီးဆွမ်းကွမ်း ပန်းရေချမ်း
ဘုရား မြလှူဒါန်း
မေမေပေးဝေ အမျှတန်း။

ညအိပ်ရာဝင် ကြေးစည်လွှင်
မေတ္တာပို့သ အမြဲပင်
ကျန်းမာချမ်းသာ ကမ္ဘာတစ်ခွင်။

ပုတီးစိတ်လျှင် ဘာဝနာထား
မေမေရှုတ်ဆို ကြည်ညိုပွား
မြတ်ဘုရား၏ ဂုဏ်တော်ကိုးပါး။
ကြားရသူတိုင်း သဒ္ဓါပွား
သာဓု သာဓု သာဓု ခေါ်ကြအများ။ ။

www.burmeseclassic.com

www.burmeseclassic.com



# အတိတ်၏ အရိပ်များ

ရှေးကစကား၊ အလေးထားလို့
မှတ်သားလိုက်နာ၊ ခြေခံကာဖြင့်
ရင်မှာမှတ်စွဲ၊ သိဉာဏ်ကဲ၍
နိုင်မြဲရည်သန်၊ ဘာသာစစ်မှမ်းမံလျက်
မြန်မာတို့ပြည် အောင်ပွဲချီခဲ့။
မြန်မာရာဇဝင်၊ မှတ်တမ်းတင်လို့
စုံလင်ဇာတိ၊ မျိုးသတ္တိကို
အသိတိုးပွား၊ စဉ်မှတ်သား၍
စွမ်းအားပြည့်ဖြိုး အောင်လံထိုးခဲ့။
မြန်မာသမိုင်း၊ ကောင်းဆိုးပိုင်းကာ
ရင်လှိုင်းသံခတ်၊ နာခံမှတ်၍
ဇာတ်လမ်းစုံလင်၊ မှတ်ကျောက်တင်လျက်
ပုံပြင်ယုံတမ်း၊ မချော်မှန်းဘဲ
ဆက်လှမ်းချီတက် အောင်ပွဲဆက်ခဲ့။
ပုဂံပြည်ခေတ်၊ နိုင်ငံသစ်မှ
ထွန်းလှစ်ဘုရင့်နောင်၊ ပြည်ဂုဏ်ဆောင်၍
ကုန်းဘောင်တတိယ၊ သမိုင်းလှခဲ့
မိဘဘိုးဘွား၊ အရိပ်များမှ
မွေးဖွားတို့တွေ၊ အောင်ပွဲစေလျက်
မိမြေဖွံ့ဖြိုး၊ ကမ္ဘည်းထိုးအောင်
ကောင်းကျိုးဆက်လက် ထမ်းရွက်စို့။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်းရိပ်သာယာ ပြည်မြန်မာ

နေ့ခါအလှ၊ နေခြည်သလျက်
မျှတပူနွေး၊ ခြုံကာထွေးသည်
အေးချမ်းသာယာ ကျွန်းရိပ်သာ။

ညခါအလှ၊ စန္ဒာလနှင့်
တောက်ပငွေကြယ်၊ ရောင်စဉ်ကြွယ်လို့
ထည်ဝါရှန်းမြ၊ ဝင်းထိန်ပသည်
အေးမြချမ်းသာ ကျွန်းရိပ်သာ။

ဥတုသုံးလီ၊ စက်ဝန်းလည်လည်း
အေးသည်ပူမှု၊ မျှတပြုကာ
ရန်ထုကင်းဝေး၊ မရှိဘေးနှင့်
နွေးထွေးလျက်သာ ကျွန်းရိပ်သာ။

မြေမဟီမှာ၊ ရေသီတာနှင့်
ပြာလွင်တောင်တန်း၊ မြေချိုင့်ဝှမ်းတို့
စခန်းသာမော၊ လယ်ကွင်းတောလျှင်
ပေါ်များရှိကြွာ ကျွန်းရိပ်သာ။

ပန်းလည်းမွှေးမွှေး၊ စမ်းရေအေးလျက်
ချိုတေးဓမ္မ၊ မြတ်သီလတို့
အလှခြုံလွှမ်း၊ ရင်ငြိမ်းပန်းဖြင့်
ရှင်လန်းနေထိုင်၊ မေတ္တာမြိုင်၍
မဏ္ဍိုင်သစ္စာ၊ တည်ကြည်ကာပင်
စာနာတတ်မှု၊ မြဲရှေးရှုပြီး
ကောင်းမှုစုံလင်၊ ဖြောသံလွင်သည်
ပြည်ခွင်အေးချမ်း၍ ကျွန်းရိပ်နန်းပါတကား။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေနိုင်ငံခေတ် အမြင်သစ်

ရှစ်ခွင်သစ်လွင် သစ်ပင်ဝေ
ကျစ်လွင်ပြင်မြေမှာ စိမ်းစိုလန်း။

နှိုးဆော်အကျိုးမျှော် မိုးခေါ်နှင်း
တိုးဖော်စိုက်ခင်း သစ်တောတန်း။

လမ်းတစ်လျှောက် လျှမ်းတောက် အဆန်းရောက်နေ
လွှမ်းမောက်ချေပေါ့ မြရောင်ဆန်း။

မှချ အဟုတ်ပ အလုပ်ကသက်သေနော
တအုပ်တမတောတွေ အံ့မခန်း။

ရာသီကောင်းလို့ မိုးလေမှန်
ဖြိုးဝေလျှံထွက် ရွှေတစ်ခေတ်
မိုးမြေယံထက် အခြေသစ်သလေ့။

ကိုးခရိုင်စိမ်းလန်း အောင်မြင်ပြီ
ဖြိုးမြိုင်ငြိမ်းချမ်း နောင်အစဉ်တည်။

တစ်ချောင်ထိုးမီးပို ထင်းချွေတာ
ကောင်းကျိုးနည်းပို အလင်းဝေဖြာ။

ထင်းအစားမြှု နည်းပေးလုပ်ကာ
စဉ်းစားမြှုရ မီးသွေးထုတ်သများ

www.burmeseclassic.com

www.burmeseclassic.com



ခွဲလမ်းနည်းပို သတင်းဆိုစရာ
ဖွဲကြမ်းမီးဖို ထင်းမလိုပါ။

စိမံချက် အခြေခံ
ရည်သန်လျက် ရွှေနိုင်ငံသို့
သီးနှံစုံအထွက်တွေ တိုးရအောင်
နည်းအကြံစုံ အခက်ဝေမိုးကာဖြင့်
ဖွံ့ဖြိုးအောင် ကိုယ်စီအသိတွေနဲ့
အမိမြေ တစ်ခေတ်ဆန်းစေဖို့
ကြိုးပမ်းတယ်လေး။ ။

www.burmeseclassic.com

www.burmeseclassic.com



## အလှအညာမြေ

ထန်းတောညိုညို၊ ထနောင်းပျိုနှင့်
စိမ်းစိုယာမြေ၊ အလှဝေလျက်
ဆည်ရေပေးသွင်း၊ စိုက်ပျိုးခင်းတို့
မှည့်ဝင်းသီးနှံ၊ ပေါ်ပြည့်လျှံအောင်
တမံတွေနှင့် မြောင်းတွေနှင့်။
နိုင်ငံအခြေမြှင့် ကောင်းမွေဆင့်။

လမ်းမနံဘေး၊ အရိပ်ပေး၍
အေးချမ်းဖွယ်ရာ၊ ရွက်စိပ်ဖြာသည်
တမာကုက္ကို၊ မန်ကျည်းပျိုနှင့်
ညောင်ညိုပင်တန်း၊ အံ့မခန်းပြီ
တမာပန်းမို့ လန်းသနှင့်။
အညာပန်းမို့ ဆန်းသနှင့်။

နိုင်ငံရပ်ခြား၊ တိုင်းပြည်သားတို့
မြင်သွားအံ့ဖွယ်၊ လွန်သပ္ပာယ်၍
ကြွယ်ဝလက်ရာ၊ ဗိသုကာများ
စုံစွာမြင်ရ၊ ဖူးမဝအောင်
ဗုဒ္ဓရုပ်ပွား၊ စေတီများက

www.burmeseclassic.com

www.burmeseclassic.com



## တော်ဝင်အောင်မြေ

မြတ်နိုးပါသည်
ဂုဏ်ရည်ကြွယ်ဖြိုး၊ တို့အမျိုး၏
ရိုးရာစဉ်ပြူ ယဉ်ကျေးမှုကို
တုပမှုကင်း၊ သန့်သန့်ရှင်းမို့
ရင်တွင်းကြည်နူး ပီတိထူး။

ဂုဏ်ယူပါသည်
မြန်မာပြည်သား၊ အမျိုးသားမို့
ကိုယ့်အားကိုယ့်မာန်၊ မြဲရှင်သန်လို့
ညှံ့ခံရှုံးပေး၊ ဝေးလေသေးပင်
ရဲစွေးနီမောင်း၊ သတ္တိကောင်းလျက်
လောင်းရိပ်ကင်းကာ၊ လွတ်လပ်စွာမို့
ရင်မှာခံစား ပီတိပွား။

ပျော်ရွှင်ပါသည်
ရာသီမျှတ၊ နေထိုင်ရကာ
စိုးနှောင့်ဖျာဝေ၊ ကင်းဝေးလေမို့
စားရေရိက္ခာ၊ ပေါပြည့်စွာတည့်
လိုရာအစဉ်၊ ပဒေသာပင်နှင့်
သွားလျှင်လာမှု၊ လွယ်ကူပြုပြီး
လူမှုလူရာ၊ တန်းတူကာပင်

www.burmeseclassic.com

www.burmeseclassic.com



ကြင်နာကူးဆက်၊ မေတ္တာယှက်လို့
နှစ်သက်သည်းရင် စိတ်ကြည်လင်။

အေးချမ်းပါသည်
ကိုယ်စိတရား၊ လက်ကိုင်ထား၍
ရိုးသားခြေခံ၊ စိတ်ဓာတ်မှန်နှင့်
ပြန်လှန်နားလည်၊ သိဉာဏ်ကြွယ်ပြီး
ဖလှယ်နှီးနှော၊ သွေးစကားပြောကာ
ကောင်းသောမနသိ၊ ရှေ့တန်းချိလျက်
တိုင်းပြည်ကောင်းကျိုး၊ တူသယ်ပိုးလို့
စိတ်ဆိုးမာန်ပြေ၊ သင်ပုန်းချေရင်း
ခြေနေတိုးတက်၊ စွမ်းအားဖက်ကြ
လှမ်းဆက်ညီညာ၊ ငြိမ်းချမ်းသာသည်
ရင်မှာလျှံဝေ ပီတိတွေ။

ထူးခြားသစ်လွင်၊ ကမ္ဘာတစ်ခွင်၌
အစဉ်ထည်ဝါ၊ ပြည်မြန်မာဟု
များစွာဘက်စုံ၊ အမျိုးဂုဏ်နှင့်
သိုင်းခြုံလွှမ်းပတ်၊ စဉ်မြင့်မြတ်၍
နေရပ်တော်ဝင်၊ စံပြပင်တည်
အောင်မြင်အောင်ကြောင်း၊ များထပ်လောင်းသည်
ကောင်းမြတ်သြဘာစုံတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# ပုဂံသက်သေ

အများအားဆက်၊ ဓားသွားထက်၍
တိုးတက်နိုင်ငံ၊ တန်ခိုးလျှံသည်
ပုဂံသက်သေ သမိုင်းတွေ။

စေတီဘုရား၊ မွေသရီများတို့
တရားဆည်းကပ်၊ ကိုးကွယ်မြတ်ပုံ
ထင်ဟပ်ပုံဖော် ကမ္ဘာကျော်။

ဟောင်းလေသမျှ ကောင်းလေစွဟု
မြန်မာ့လက်ရာ၊ ဗိသုကာကို
ကမ္ဘာမှတ်တမ်း ဂုဏ်ရည်လျှမ်း။

ဆည်မြောင်းတာမံ၊ နယ်ပေါင်းလျှံလို့
သီးနှံပြည့်တင်း၊ ပေါ်များခြင်းတို့
လယ်တွင်းကိုးခရိုင် စွမ်းအားလှိုင်။

စစ်စွမ်းဂုဏ်အင်၊ သစ်လျှမ်းစုံလင်၍
အောင်မြင်ထွန်းကား၊ တန်ခိုးထွားသည်
ဘိုးဘွားနိုင်ငံ တို့ပုဂံ။

အမျိုးသားဂုဏ်၊ တိုးပွားစုံ၍
ပုံရိပ်ထင်ရှား၊ သမိုင်းများဖြင့်
တရားလည်းဖက်၊ ဓားသွားထက်ပြီး
တိုးတက်ယဉ်ကျေး၊ စိုက်ပျိုးရေးတို့
လေးထားအောင်မြင်၊ ခေတ်စွမ်းအင်ကို
ထင်ရှားပုဂံ၊ သက်သေနှံသည်
နိုင်ငံရွှေခေတ် ပထမပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာပြည်သား

အလှပန်းဝေ၊ မြစ်မ်းရေသို့
မွေးနေသမူ၊ အေးစေပြုရှ
ရှေးရှုလျက်သာ၊ စွမ်းဆောင်ပါသည်
မြန်မာမြေဖွား မြန်ပြည်သား။

နေရောင်အလှ၊ ရွှေရောင်လတို့
အေးမြချမ်းသာ၊ လင်းရောင်ဖြာသို့
ထည်ဝါရှန်းဝေ၊ ငြိမ်းချမ်းနေဖို့
စေတနာထား မြန်ပြည်သား။

ရွှေရတနာ၊ ငွေသပြာသို့
မဟာဖိုးတန်၊ တန်းခိုးလျှံဖို့
ဖန်ဆင်းကြိုးပမ်း၊ မနားတမ်းပင်
စွမ်းအားတိုးပွား မြန်ပြည်သား။

အမိမြေဖွား၊ အသိတွေပွားရှ
ထင်ရှားမြန်မာ၊ ဂုဏ်ထည်ဝါဖို့
မှန်စွာဆောင်ရွက်၊ မေတ္တာယှက်ကာ
တိုးတက်ပြည်ရေး၊ မြဲငြိမ်းအေးရန်
လေးထားခံယူ၊ များပြည်သူတွက်
ဖြူစင်မေတ္တာ၊ အကြင်နာဖြင့်
မပါကိုယ်ကျိုး၊ ပြည်ဖွံ့ဖြိုးအောင်
မျိုးဂုဏ်ဆောင်နှင်း၊ အမှောင်ခွင်းသည်
သတင်းကျော်ကြား၊ မြန်ပြည်သားပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဘိဂီရ ဧရာဝတီ

မေခမေလိခ၊ ချစ်ကြည်ကြ၍
ဘဝမခွဲ၊ အတူတွဲကာ
နိုင်မြဲရှည်ကြာ၊ ကြင်ကြင်နာနှင့်
ဧရာဝတီ၊ မြစ်နဒီကား
မြန်ပြည်တောင်မြောက်၊ ရှည်လျားဖောက်လျက်
ထွန်းတောက်ရေလမ်း၊ ရွှင်ရွှင်လန်းဖြင့်
ပြုံးပန်းလှိုင်စွာ စီးဆင်းလာ။

မြစ်မင်းဧရာ၊ ဂုဏ်ရည်ဖြာလို့
မေတ္တာကြီးမား၊ ညီနောင်များဖြင့်
တွဲထားတူယှဉ်၊ မြသစ်လွင်၍
ပျော်ရွှင်ချစ်ကြည်၊ ဒုဋ္ဌဝတီနှင့်
ဇော်ဂျီ ပန်းလောင်၊ မဖယ်ရှောင်ဘဲ
တွဲနှောင်တူဆင်း၊ မြစ်ချင်းတွင်းတို့
ရင်းနှီးဆုံစည်း၊ အောက်သို့စီးသည်
ကြီးမားမဟာ မြစ်ဧရာ။

အပြန်အသွား၊ ကုန်စည်များနှင့်
သစ်ဝါးဖောင်မျှော၊ လှေသင်္ဘောနှင့်

www.burmeseclassic.com

www.burmeseclassic.com



တောနှင့်မြို့ဆက်၊ ခရီးသွက်ကာ
ကူးယှက်သန်းရေး၊ လမ်းခင်းပေးသည်
သွေးစည်း ခြေတည် ရောဝတီ။
ညင်သာငြိမ့်ငြိမ့်၊ သိမ်သိမ်မွေ့နှင့်
ရွှေ့ရွှေ့စီးဆင်း၊ အေးချမ်းခြင်းဖြင့်
ကောင်းခြင်းစုံစွာ၊ သုတိဖြာ၍
မဟာမည်တပ်၊ ဂုဏ်အင်ဒြပ်တို့
ထူးမြတ်ကြွယ်ဝ၊ သိင်္ဂီရဖြင့်
မြစ်မရောဝတီ ပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



## စီရ ချင်းတွင်း

မြစ်ရော နှောင်တော်ကြီးနဲ့
အတူစီးဖို့ အသော့နှင်။
ဒလဟော စီးကာဆင်း
ချင်းတွင်းရေလျှဉ်။
တောင်တန်းတွေ ဖြတ်ကျော်နှင်
ထာဝစဉ် အားမာန်ကြီး။
တောကြီးမြိုင် မရှုံ့ကြောက်
ထိုးဖောက်ရေစီး။

ရေခဲတောင် အထက်များက
မနေနား ခရီးရှည်။
မောပန်းဖြေ ရှိန်မသတ်
ရပ်တန့်မနေ။
သစ်လွင်တဲ့ အားမာန်ဝေ
တားဆီးတွေ မရှောင်ကွင်း။
တိုက်စားကာ မြဲထိုးဖောက်
အောက်သို့စုန်ဆင်း။

www.burmeseclassic.com

www.burmeseclassic.com


သစ်ဝါးတွေ သယ်ကာနှင်း
ပို့ဆောင်ခြင်း တာဝန်ကျေ။
ခရီးသာ ရေလမ်းကြောင်း
ကောင်းချီးစုံပေ။
လမ်းတစ်လျှောက် ရေပေးဝေ
မြစ်ရေတင် လယ်လုပ်ငန်း။
လယ်ယာမြေ အကျိုးပြု
ရေးရှုသစ်ဆန်း။

နောင်တော်နဲ့ တူပျော်မွေ့
ဆုံတွေ့ရ အတူတူ။
မြစ်ဆုံရာ ထူးထူးခြား
ခွန်အားနားယူ။
ညင်သာတဲ့ဟန်မူ
မြင်ရသူ အံ့မခန်း။
ရောရေ တစ်မူကွဲလို့
ချင်းတွင်းရေ တစ်မူကွဲကာ
ယှဉ်တွဲကာ အတူစီး
ခရီးဆက်လှမ်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာတို့စံ မြန်မာ့ဟန်

အနန္တငါးပါး၊ စံပြထားလို့
လေးစားရိုကျိုး၊ မြဲရှိခိုးကာ
မိုးထိပုံဆောင်၊ မြင်းမိုရ်တောင်သို့
အခေါင်ထွတ်တင်၊ မြတ်ဂုဏ်အင်ကို
အစဉ်လေးစား၊ အရေးထား၍
တရားနှင့်သာ၊ သိမ်မွေ့စွာပင်
လျှကာပေးကမ်း၊ စွန့်ကြဲလှမ်းပြီး
မြတ်လမ်းသီလ၊ စောင့်ထိန်းကြနှင့်
သမထဘာဝနာ၊ ဆံညီးကပ်ကာပင်
ပြည်ရွာအေးချမ်း မြဲရှင်လန်း။

သခင်အမျိုး၊ အစဉ်မညှိုးအောင်
တန်ခိုးထက်မြက်၊ ဓားသွားထက်၍
နှောင့်ယှက်ရန်ရှာ၊ ကျူးကျော်လာက
မကြာအပြတ်၊ ရှင်းလင်းဖြတ်ကာ
ရပ်တည်ပိုင်နိုင်၊ အခြေခိုင်ပြီး
ကြိုးကိုင်လျှော့တင်း၊ ဝေးကွာခြင်းဖြင့်
ကိုယ့်မင်းကိုယ့်ပြည်၊ စံဌာနီတည့်
ဂုဏ်ရည်ရွှန်းဝေ မြန်မာ့မြေ။

www.burmeseclassic.com

www.burmeseclassic.com



မွေးချင်းတစ်စု၊ သွေးရင်းပြု၍
အတူမရှိ၊ ကမ္ဘာသိပင်
တစ်မိတည်းဖွား၊ ချစ်တိုးပွားလျက်
တွဲထားလက်ဆက်၊ စဉ်မပျက်ဘဲ
တိုးတက်ငြိမ်းချမ်း၊ အပြုံးပန်းနှင့်
ဆက်လှမ်းလို့နေ တိုင်းရင်းအဆွေ။

ပုံစံမရှိ၊ ဂုဏ်လျှံတိုးသည်
မြတ်နိုးဖွယ်ရာ၊ တို့မြန်မာ၏
လက်ရာအစွမ်း၊ အံ့မခန်းဖြင့်
ပြည့်လျှမ်းလို့နေ၊ ယဉ်ကျေးအမွေ။

မျိုးဆက်အစွမ်း၊ တိုးတက်လန်းလို့
လွှမ်းမိုးကင်းဝေး၊ တို့ယဉ်ကျေးမှု
တေးသံချိုမြ၊ ဆိုအကနှင့်
ရသကိုးပါး၊ အရေးသားနှင့်
နားဝင်ချိုလျှံ တီးမှုတ်သံနှင့်
မြန်မာသံစဉ်၊ ရိုးရိုးယဉ်၍
သစ်လွင်ခေတ်မီ တို့ဂုဏ်ရည်။

မြန်မာ့အားမာန်၊ မြန်မာ့ဟန်တို့
စံပြုဂုဏ်အင်၊ ကမ္ဘာတစ်ခွင်၌
အောင်မြင်နိုင်မှာ၊ ဂုဏ်ရည်ဖြာ၍
မဟာအောင်လံ၊ စဉ်ဝဲပျံ့ပြီး
ဝင်းလျှံထည်ဝါ လှပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



## သမိုင်းစဉ်လာ ပေါင်းစုကာ

ညီနောင်သွေးချင်း၊ တိုင်းရင်းသားတွေ
အစဉ်အမြဲ၊ လက်တွဲမဖြုတ်ပေ
သမိုင်းသက်သေ၊ ဧကန်အမှန်ရှိ
နယ်ချဲ့လက်အောက်၊ ဒူးမထောက်
မကြောက်တော်လှန် ဇာတိမာန်ပလေး။

'ချင်း' 'ဗိုလ်ကြွမ်ဘိ'၊ သတ္တိဘာမထိ
'ဆမားဒူးဝါး'၊ အမျိုးသားအာဇာနည်
ကျွန်မခံပြီ၊ ညီညာစိတ်ထား
မြန်မာ့သွေးပြောင်၊ တို့ဂုဏ်ရောင်
ခေါင်းဆောင်မျိုးချစ်များ ပါတည့်လေး။

'ဝန်းသိုစော်ဘွား'၊ မျိုးခြားသြဇာမခံ
တိုင်းရင်းသားထု၊ ပေါင်းစုကာတော်လှန်
လှေခွက်ချည်းကျန်၊ အလံမလှဲ
မျိုးချစ်စိတ်တွေ၊ ပွားစည်းဝေ
သေပစေအသက် လဲမည်တဲ့လေး။

မျိုးချစ်တရားပွဲ၊ အမြဲဟောဖော်
'ရခိုင်' ပြည်က၊ 'ဦးဥတ္တမ' ဆရာတော်
'ကယား' 'စောလှဘော်'၊ ထင်ပေါ်အထူး
'စောလပေါ်' 'ကရင်'၊ သတ္တိရှင်
ဝံ့လျှင်နယ်ချဲ့ ကျူးခဲ့တဲ့လေး။

တော်လှန်ခဲ့ဖူး၊ တင့်ထူးသမိုင်းမှာ
လက်သည်းကိုဆိတ်၊ လက်ထိပ်မှာပါနော

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစုညီညာ၊ မြန်မာသွေးချင်း
အေးပူအတူ၊ ချစ်ကြည်ဖြူ
သေတူရှင်ဖက် ရိုင်းပင်းကာတည့်လေး။
သူ့ကျွန်နှံ့တွင်း၊ လွတ်ကင်းရအောင်
ဘယ်သူခွဲခွဲ၊ မကွဲတို့ပြည်ထောင်
သမိုင်းဂုဏ်ရောင်၊ ထွန်းပြောင်ထင်ရှား
ပင်လုံမှသည်၊ အခြေတည်
လှမ်းချီရှေ့သို့ သွားမည်တည့်လေး။
နိုင်ငံမျိုးခြား၊ အားထားဆရာမတင်
ကိုယ့်လမ်းကိုယ်ဖောက်၊ ဆက်လက်လျှောက်မည်ပင်
ကြောက်စိတ်ကင်းစင်၊ စွမ်းအင်ပြည့်ဖြိုး
တို့တွေညီညာ၊ မခွဲခွာ
မြန်မာ့ဂုဏ်ရည် တိုးပြီတည့်လေး။
နယ်ချဲ့စနစ်ဆိုး၊ လွှမ်းမိုးမခံနိုင်
ဒို့အရေးသုံးပါး၊ သိထားလက်စွဲကိုင်
တိုင်းပြည်မကျိုင်၊ ခိုင်မာမျိုးချစ်
ပုဆိန်ရိုးတွေ၊ လက်ပါးစေ
မှုန်းချေအပြတ် ရှင်းပစ်စို့လေး။
ရေမြေဆန်းစစ်၊ တို့စနစ်တို့မှ
ယဉ်ကျေးမှုဖြာ၊ တို့ဘာသာအယူ
တပ်နှင့်ပြည်သူ၊ ညီတူစိတ်ထား
လွတ်လပ်အခြေခံ၊ မြန်မာ့ဟန်
နိုင်ငံစွမ်းအား မြင့်စေဖို့လေး။
အသိတွေဆင့်ပွား ပေါင်းစုညီညာကာအတည်
အမိမြေဖွံ့ထွား ကောင်းမှုပြည်သာယာမည်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ရင်ဆိုင်ခြင်းရလဒ်

ကွေ့ကောက်သည့်လမ်း
ဖြတ်ကျော်လှမ်းမှ
ဖြောင့်တန်းလမ်းကို လျှောက်ရမည်။

ချွေးစက်ယိုစီး
အလုပ်မညည်းမှ
စည်းစိမ်ချမ်းသာ ရရှိလာမည်။

အောက်ခြေထစ်များ
ဖြတ်ကျော်လွှားမှ
မြင့်ဖျားအထက် ရောက်ရမြဲ။

အတက်ရေဆန်
လုံ့လသန်မှ
အပြန်ရေစုန် တွေ့ကြုံမည်။

ခဲယောင်းဆူးပေါ်
ဖြတ်လှမ်းကျော်မှ
ရွှေကော်ဇောပေါ် နင်းရမည်။

အမှောင်ရှိလျှင်၊ အလင်းဝင်၏
အစဉ်ပုပြင်း၊ အအေးနှင်းတတ်
ဆင်းရဲမှသာ၊ မြချမ်းသာ၍
လူ့ရွာထဲဝင်၊ ဂုဏ်ပေါင်းဆင်တတ်
အောင်မြင်သူတို့ ရလဒ်တည်း။

www.burmeseclassic.com

www.burmeseclassic.com



# ဘဝအောင်ပွဲ

ခရီးတာ အလှမ်းဝေး
ဒေးကြည့်၍ မရပါ။
စိတ်ထားမာန် အားသန်ထက်
လှမ်းဆက်ရမှာ။
ပင်ပန်းမှု ပယ်ခွာ
စိတ်ထုတ်ကာ ခွဲလုံ့လ။
တစ်နေ့မှာ လိုရာခရီး
နီးရမည်ပ။
ဘဝတာ အောင်မြင်ရေး
ထိုင်တွေးလို့ မရနိုင်။
မြကြံဆောင် ပျင်းမဖက်
စွမ်းထက်ပိုင်ပိုင်။
တတ်သိမှု မြိုင်မြိုင်
နိုင်မာတဲ့ အားမာန်ထား။
ဝီရိယ အစဉ်ဖက်
တိုးတက်ထွန်းကား။
တတ်ပညာ ပေါင်းစပ်မှု
ဗဟုသုတ ဖွေရှာ။
မြင့်မြင့်ကြံ ရိုးရိုးကျင့်
နှိုင်းချင့်ချိန်ကာ။
လူလောက အလယ်မှာ
မြဲလိုက်နာ စည်းကမ်းများ။
ဝင့်ထည်စွာ နေနိုင်ရေးကို
လေးထားကာ အောင်မြင်မှု
ရှေးရှုကြိုးစား။ ။

www.burmeseclassic.com

www.burmeseclassic.com



## အုတ်မြစ်

တောနဲ့ လျှိုမြောင်
တောင်စွယ်နဲ့ ချောက်ကမ်းပါး။
သစ်ထီးကျန် သယံဇာတ
မြန်မာ့စီးပွား။
လယ်ယာနဲ့ အင်းအိုင်
ဝိုင်းဆိုင်မှု ပေါများ။
သားထီးကျန် သီးနှံထွက်
မြင့်တက်တိုးပွား။
တိုင်းပြည်တွက် ထုတ်ကုန်
စက်မှုရုံ တည်ဆောက်အား။
ဘက်စုံမှာ စွမ်းဆောင်လှစ်
ခေတ်သစ်ကျော်လွှား။
ရောင်းဝယ်မှု အခြေခံ
နိုင်ငံတကာ တံခါးဖွင့်။
များစွာ လက်ဆက်ကမ်း
စွမ်းအားတွေမြင့်။
တိုးတက်မှု မြန်ဆန်
နိုင်ငံ၏ စနစ်သစ်။
ကဏ္ဍစုံ ရှိမှ
ရှေ့ရှုကာ စည်ကြိုးစားလို့
အမျိုးသား စီးပွားရေးကို
အားပေးကာ အမြိုင်နွဲ
အောင်ပွဲအုတ်မြစ်။ ။

www.burmeseclassic.com

www.burmeseclassic.com



# အခြေအနေ

လေပြင်းတိုက်ခတ်၊ လှိုင်းမရပ်၍
မဖြတ်ကျော်ရဲ၊ အားမခဲတာ
ဒွဲမာန်ပျော့ခြင်း မဟုတ်ပါ။
နွေနေ့လယ်ခင်း၊ ပူရှိန်ပြင်းစဉ်
ကွင်းပြင်လုပ်ငန်း၊ ရှောင်ဖယ်လှမ်း၍
စွမ်းအားမပြ၊ နားဖြေကြတာ
လုံ့လမဲ့ခြင်း မဟုတ်ပါ။
လူသူကင်းရှင်း၊ ညမှောင်တွင်းကို
ပေါင်းသင်းဖော်ဆွေ၊ မပါလေဘဲ
တွေဝေစဉ်းစား၊ လမ်းမသွားတာ
ကြောက်အားပိုခြင်း မဟုတ်ပါ။
နေရာချိန်ခါ၊ သုံးသပ်ပါ၍
သွားလာဖြတ်သန်း၊ မြဲစူးစမ်းလျက်
လုပ်ငန်းခြေနေ၊ ကျိုးကြောင်းထွေကို
ဝေဖန်ပိုင်းခြား၊ သိနိုးကြားမှ
အမှားမဲ့ကင်း၊ အန္တရာယ်ရှင်း၍
ကောင်းခြင်းဝေဖြာ လိမ့်မည်တကား။ ။

www.burmeseclassic.com

www.burmeseclassic.com


# မြန်မာ့အင်အား

စည်းစိမ်နဲ့ အသက်
ငဲ့ကွက်လို့ မနေအား။
တိုင်းပြည်ရန် ကာကွယ်ပြု
ပြည်သူ့စစ်သား။

တောတောင်နှင့် လျှိုမြောင်
ရှောင်ခွာလို့ မဖြစ်။
သောင်းကျန်းသူ ရန်စွယ်ငုတ်
တိုက်ထုတ်ဖယ်ပစ်။

လက်နက်နဲ့ ပေါက်ကွဲသံ
ဂီတသံ ပမာထား။
ရန်သူဆို ရင်ဆိုင်နွှဲ
သူရဲကောင်းများ။

သွေးချွေးတွေ ရွဲစိုထွက်
အားသစ်လျက် ဌဲခိုင်တယ်။
ပြည်ထောင်စု မပြိုကွဲရေး
မနေးကာကွယ်။
လွတ်လပ်ရေး မြဲစေရှယ်
ရင်မှာတွယ် သိစိတ်ထား။
တပ်မတော် ဇာနည်ဖွားတို့
နိုးကြားစိတ် အစဉ်ရှိ
တိုင်းပြည့်အင်အား။ ။

www.burmeseclassic.com

www.burmeseclassic.com

# ကမ်းနိမ့်ရွာ

ချင်းတွင်းကမ်းထက်၊ အရှေ့ဘက်တည့်
ကျေးလက်ဂုဏ်ရောင်၊ ကျက်သရေဆောင်သည်
ထွန်းပြောင်ထင်ရှား၊ ဇာနည်ဖွားခဲ့
အင်အားသစ်ဝေ မျိုးချစ်မြေ။

စိုက်ခင်းသာယာ၊ စိုပြည်ကာနှင့်
ဘာသာထွန်းကား၊ ကျောင်းဘုရားနှင့်
တရားရိပ်သွမ်း၊ မြတ်စခန်းနှင့်
ကမ်းနိမ့်ကျေးရွာ ကျက်သရေဖြာ။

ယဉ်ကျေးသိမ်မွေ့၊ ရွာခလေ့၏
နေ့စဉ်ကြိုးပမ်း၊ လယ်လုပ်ငန်းဖြင့်
ပြုံးပန်းလိုင်ဝေ၊ ရွာပျိုမေတို့
ရေခပ်ဗိုင်းငင်၊ ရက်ကန်းဝင်လျက်
အစဉ်လုပ်ရှား၊ မနေနားပင်
အားမာန်သစ်လွင် လုပ်ငန်းခွင်။

ရွာ၏သဲလမ်း၊ တမာတန်းနှင့်
ထန်းပင်တွေပေါ၊ သရက်တောလျှင်
ရှုမောဖွယ်ရာ၊ အလှဖြာသည်
သာယာစိုပြေ (ပြည်) ကမ်းနိမ့်မြေ။

ကမ်းနိမ့်ကျေးရွာ၊ ဤနေရာသည်
မြန်မာပြည်သား၊ တိုင်းရင်းသားတို့

www.burmeseclassic.com

www.burmeseclassic.com



မျိုးခြားအုပ်စိုး၊ စနစ်ဆိုးစဥ်
ရိုက်ချိုးတော်လှန်၊ ဇာတိမာန်နှင့်
နိုင်ငံတစ်လွှား၊ သူ့တရားဖြင့်
ဟောကြားလှုံ့ဆော်၊ ကမ္ဘာကျော်သည့်
ဆရာတော်၏ မွေးရပ်မြေ။

လိမ္မာရစ်ကြာ၊ မှာချွေသ၍
ဘဝနိဂုံး၊ အသက်ဆုံးကာ
နှလုံးရည်ရှိ၊ သတ္တိရှိသည့်
ဦးဝိစာရ၊ ငယ်ဘဝ၏
မိဘမျိုးဆွေ၊ မိတ်ပေါင်းဆွေတို့
အနေပျော်ရှင်၊ ချစ်ချစ်ခင်နှင့်
ရွာလျှင်အေးချမ်း၊ ချင်းတွင်းကမ်းမှ
ကမ်းနိမ့်ကျေးရွာ အလှဖြာ။

အာဇာနည်အရှင်မြတ်၊ ဖွားရာရပ်မို့
ဂုဏ်ဖြိုးထွန်းလှစ်၊ သမိုင်းသစ်ခဲ့
မျိုးချစ်နယ်မြေ၊ ထွန်းကားနေဆဲ
အခြေတိုးဆင့်၊ အားမာန်ဝင့်ကာ
မြင့်မားစိတ်သန်၊ ဇာတိမာန်နှင့်
နိုင်ငံအကျိုး၊ ရှက်သယ်ပိုးကြ
ဖွံ့ဖြိုးစွမ်းအင်၊ လှသစ်လွင်သည်
ဂုဏ်အင်ထူးသည့် ရွာပါတကား။

www.burmeseclassic.com

www.burmeseclassic.com



# ဂေါဝိန်

မြို့မန္တလေး၊ မြစ်ကမ်းဘေးသို့
ချွေးသိပ်နားပြေ၊ အပန်းပြေရန်
နေညိုဆည်းဆာ၊ ရှုခင်းသာရိုက်
ငေးကာငေးမျှော်ကြည့်၊ မိန်းမောမိသည်
ခေတ်၏အလှသစ် အို ဂေါဝိန်။

သင်္ဘော်ဝင်ထွက်၊ စုန်ဆန်လျက်နှင့်
စက်လှေကူးတို့၊ ကြိုအပို့နှင့်
အောက်သို့သယ်ဆောင်၊ သစ်ဝါးဖောင်နှင့်
ရောင်းစုံသူများ၊ အပြန်သွားနှင့်
ပျားပန်းခတ်မျှ စည်ကားလှသည်
နေ့ညမစဲ၊ အားမာန်ဖွဲ့ဖြင့်
စဉ်မြဲအလှသစ် အို ဂေါဝိန်။

မန်းမြို့ဆိပ်ကမ်း၊ ဤစခန်းလျှင်
အလွမ်းလည်းဝေ၊ မျက်ရည်ကြွေခဲ့
တို့ပြေ (ပြည်) ထွက်ထိပ်၊ နန်းမ ဆိတ်အောင်
အတိတ်သမိုင်း၊ ရက်စက်ရိုင်း၏
တိုင်းတစ်ပါးသား၊ လူမျိုးခြားတို့
တရားမဲ့ကင်း၊ လောဘနှင်း၍

www.burmeseclassic.com

www.burmeseclassic.com



မင်းနှစ်ပါးအရှင်၊ တို့သခင်ကို
အလျှင်ဖမ်းဆီး၊ ခေါ်ဆောင်ပြီးလျှင်
တိုင်းကြီးပျက်သုဉ်း၊ ထီးနန်းဆုံးအောင်
မြို့သုဉ်းခဲ့တဲ့ အို ဂေါဝိန်။

ရာဇဝင်သမိုင်း၊ သင့်အရိုင်းကို
တိုင်းပြည်ကိုချစ်၊ မျိုးမှန်စစ်မို့
မျိုးချစ်စိတ်သန်၊ ဇာတိမာန်ဖြင့်
တစ်ဖန်နယ်ချဲ့၊ ကျူးလာခဲ့လျှင်
သင့်ရဲ့နေရာ၊ ဆိပ်ကမ်းသာသို့
လာ၍ချဉ်းကပ်၊ သင်္ဘောရပ်က
သေနတ်အမြောက်၊ ယမ်းမီးတောက်ကာ
နောက်ကိုမဆုတ်၊ ပြန်တိုက်ထုတ်၍
အုပ်စိုးမခံ၊ အပြတ်နှံလို့
ရန်သူမိစ္ဆာ၊ မကျူးလာအောင်
ဇာတိမာန်နှင်း၊ သတ္တိခွင်းကာ
ပြတ်ရှင်းလိုက်ပါ အို ဂေါဝိန်။ ။

www.burmeseclassic.com

www.burmeseclassic.com



# အစဉ်သဖြင့် အဆင်သင့်

အဆင်သင့်ထား။ ရိက္ခာများက
စပါးဆန်ရေ၊ ဂိုဒေါင်တွေပြည့်
မြေကလည်းထွက် လျှံပယ်လျက်။
အဆင်သင့်အား။ သိက္ခာများက
ခါးသွားထက်နေ၊ သတ္တိတွေဖြင့်
ဖေမေမွေးဖွား လူငယ်များ။
အဆင်သင့်အား။ စိတ်မှာပွားသည်
တရားမဲ့ကင်း၊ ကျူးကျော်နှင်းက
လက်ငင်းတုံ့ပြန် ငုံ့မခံ။
ရိက္ခာလည်းရှိ၊ သိက္ခာရှိ၍
စိတ်သိခံယူ၊ တံခွန်ထူလျက်
လူမွန်လူမြတ်၊ မျိုးဂုဏ်ဖြိုးပ်ဖြင့်
ရပ်တည်နိုင်မာ၊ အစဉ်လာနှင့်
များစွာ အဆင်သင့်ပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com


## အမှန်ချမ်းသာ မြတ်ချမ်းသာ

ဂုဏ်အင်ဝနေ၊ ပေါ်ပြည့်ဝ၍
သုခမှတ်စွဲ၊ စိတ်မှာကဲလျှင်
အလွဲယူမှား သတိထား။

နေအိမ်တိုက်တာ၊ ရတနာတို့
ချမ်းသာခံစား၊ မြဝင့်ကြွားက
အမှားလမ်းစဉ် ပြန်ဆင်ခြင်။

စည်းစိမ်စိုင်ဆိုင်၊ ဂုဏ်တွေမြိုင်၍
နိုင်မာသုခ၊ စွဲထင်ကြလျှင်
ဘဝတစ်သက် အမှားဖက်။

ကိုယ်ဖါ်အမှု၊ စိတ်အမှုတို့
သုခစုံစွာ၊ အေးချမ်းသာပြီး
ဖျာပါသောက၊ ကင်းစင်ပမှ
ဘဝချမ်းသာ မြတ်ပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com


# အတ္တကင်းဝေး သုခဆေး

မြင်မြင်သမျှ အဆင်းချလျှင်
အတ္တကင်းရှင်း အဓောနင်းလိမ့်။
ကြားကြားသမျှ အသံချလျှင်
အတ္တကင်းရှင်း အဓောနင်းလိမ့်။
နံနံသမျှ အနံ့ချလျှင်
အတ္တကင်းရှင်း အဓောနင်းလိမ့်။
စားစားသမျှ ရသာချလျှင်
အတ္တကင်းရှင်း အဓောနင်းလိမ့်။
ထိတွေ့သမျှ ဖောဋ္ဌဗ္ဗချလျှင်
အတ္တကင်းရှင်း အဓောနင်းလိမ့်။
ကြံသိသမျှ နမ်ဓာတ်ချလျှင်
အတ္တကင်းရှင်း အဓောနင်းလိမ့်။
အာရုံခြောက်ပါး၊ သတိထား၍
တရားသိနှင်း၊ ဉာဏ်မြင်လင်းက
လွန်မင်းအတ္တ၊ လိုလောဘနှင့်
ဒေါသအမှု၊ ဝေးကွာပြုကာ
သိမှုပိတ်ဖုံး၊ မောဟတုံးပြီး
ကောင်းဆုံးသုခ ရလိမ့်တကား။ ။

www.burmeseclassic.com

www.burmeseclassic.com


## စမ်းရေနှင့် အရိပ်

အေးမြ၍ ကြည်လင်
စမ်းရေသွင် ပုံအလား။
မွေးမိခင် သားကိုချစ်
မေတ္တာစစ်ပွား။

ဖြန့်ကြက်လို့ မိုးကာ
အရိပ်ပမာ ပုံအလား။
မွေးဖခင် သားကိုချစ်
မေတ္တာစစ်ပွား။

တို့ဘဝ တို့နေရာ
'စမ်းသီတာ' 'အရိပ်' ရှိ။
လောကမှာ အခြေတင့်စေဖို့
မွှင့်တင်ကာ ကြင်နာပေးတယ်
အေးမြပါဘိ။ ။

www.burmeseclassic.com

www.burmeseclassic.com


## မာယာတော့မှ သောကသည်

တံလျှပ်ကိုကြည့်၊ ရေအတိပင်

သတိမထား၊ ဉာဏ်မပွားဘဲ

ပြေးလွှားကာပင်၊ ပြုံးပျော်ရွှင်ခိုက်

ရေလျှင်ကွယ်ပျောက်၊ သဲမြေခြောက်မို့

စိတ်နောက်ဝမ်းနည်း၊ အသည်းကွဲကာ

ငိုပွဲတွေဆင်၊ ရွှေသမင်၏

ဆင်ခြင်မှုကင်း၊ မိုက်မှားခြင်းသည်

မြင်ကွင်းမာယာ ကြွယ်ခြင်းကြောင့်။ ။

www.burmeseclassic.com

www.burmeseclassic.com



# ဆုံလည်နွားနှင့် မီးရထား

လှည့်လည်ရစ်ပတ်၊ ဆုံးမသတ်ဘဲ
မပြတ်ရွှေ့လျား၊ ဆုံလည်နွားက
ရထားကိုမြင်၊ အားကျချင်မိ
ဖြောင့်နှင့်တန်းတန်း၊ ရထားလမ်းကို
ဆန်းပြားလို့နေ စိတ်တွေဝေ။

အဆုံးအစ၊ သွားပြန်ရနှင့်
လမ်းမပေါ်တွင်၊ ထာဝစဉ်သာ
မောင်းနှင်ပြေးလွှား၊ ထိုရထားကို
ဆုံသွားနွားငယ်၊ သိမကြွယ်၍
အားငယ်ခံစား၊ အတွေးပွားခဲ့။

ဘယ်ညာကွေ့ကောက်၊ ရွေ့လျားလျှောက်လို့
မရောက်လိုရာ၊ ဖြောင့်တန်းကာပင်
ပြန်လာသွားလိုက်၊ သွားပြန်လိုက်နှင့်
ဆိုက်ရောက်ခရီး၊ လှည့်လည်ပြီးသာ
စည်းကြောင်းပေါ်တွင်၊ သွားလာနှင်ပုံ
မြင်တွေ့ခံစား၊ အသိပွားက
ကွာခြားခြင်းသာ၊ ရှိနေပါလည်း
သံသရာပတ်၊ နှောင်ကြိုးထပ်သည့်
ဇာတ်လမ်း အတူတူပါလျှင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



# တိမ်ပုပ်မိုး

တောင်ကတစ်ခွင်၊ တိမ်မဆင်ဘဲ
သွင်သွင်စီးကျ၊ ကြဲကာချသည်
သွန်းချရွာဖြိုး တိမ်ပုပ်မိုး။

မိုးသက်လေရမ်း၊ ဆော့မသွမ်းဘဲ
မိုးပန်းမိုးပွင့်၊ ကြွေကာလွင့်သည်
ထူးတင့်ရွာဖြိုး တိမ်ပုပ်မိုး။

ထစ်ချုန်းမြည်ဟိန်း၊ မိုးမခြိမ်းဘဲ
ယိမ်းနွဲ့စီရီ၊ ဟန်ရေးပီကာ
ရွာသည်သွန်းဖြိုး တိမ်ပုပ်မိုး။

လျှပ်ရောင်လျှပ်ဆင်း၊ ရောင်မလင်းဘဲ
ပစ်ခွင်းငွေမြား၊ မိုးလုံးများဖြင့်
အားသွန်ရွာဖြိုး၊ တိမ်ပုပ်မိုး။

ဝန်းကျင်အနှံ့၊ ကြဲမဖြန့်ဘဲ
သီးသန့်နေရာ၊ ကွက်ကြားရွာ၍
လာရောက်ညှော်မျိုး၊ အကျင့်ဆိုးဖြင့်
အကျိုးမဲ့ကင်း၊ အဆိုးနှင်းတတ်
ကောင်းခြင်းဝေးကွာ၊ မသာယာဘဲ
ချိန်ခါမဲ့ဆိုး တိမ်ပုပ်မိုးပါတကား။

www.burmeseclassic.com

www.burmeseclassic.com



# သူစိမ်း

ငယ်ကမကျွမ်း၊ တစ်နယ်လှမ်းက
ပြုံးပန်းဝေဖြာ၊ လာပျူငှာ၍
ချိုသာပူးပေါင်း၊ အဆွယ်ကောင်းလျှင်
အကြောင်းရင်းခံ၊ အဖြေမှန်ကား
ဆက်ဆံချဉ်းကပ်၊ အလိုဓာတ်ဖြင့်
အမြတ်ထုတ်ရန် အကြံဖန်နှင့်။

ဆွေမျိုးမစပ်၊ တခြားရပ်က
ပူးကပ်ဝင်နှော၊ လာကာရော၍
အပြောဖြာဝေ၊ မြှောက်ပင့်နေလျှင်
စေတနာခံ၊ မူမမှန်ဘဲ
ရရန်အကျိုး ရည်မျှော်ကိုးနှင့်။

သူစိမ်းစစ်စစ်၊ အရင်းမြစ်ကား
ချစ်ဟန်ဆောင်ကာ၊ နှုတ်ချိုသာဖြင့်
မေတ္တာအတု၊ ပြုံးဟန်ပြုလျက်
ရှေးရှုဆန္ဒ၊ ကိုယ်ကျိုးရဖို့
ပြင်ပဟန်ပန်၊ မျိုးမျိုးဖန်၍
ဆက်ဆံပူးကပ် တတ်တကား။ ။

www.burmeseclassic.com

www.burmeseclassic.com



## အယူမှိုင်း

လောဘ

ရယူလိုမှု၊ လွှမ်းမိုးပြု၍
လူ့လောကတွင်၊ မာန်တွေဝင်လျက်
ငါလျှင်ငါထက်၊ ငမ်းငမ်းတက်ကာ
ရန်ဘက်စွန်းရောက် မိုက်များမှောက်၏။

ဒေါသ

ကြီးစွလောင်မြိုက်၊ ပွမ်းတိုက်၍
ခိုက်ရန်စိတ်ထား၊ မြဲတိုးပွားကာ
တရားမဲ့မှု ဆိုးဝါးပြု၏။

မောဟ

မှောင်ချဖုံးပိတ်၊ မသိစိတ်တို့
မိစ္ဆာလွှမ်းမိုး၊ ဆိုးကြီးဆိုးကာ
တန်ဖိုးမဲ့ကင်း၊ အောက်ကိုဆင်းဖို့
အတင်းဆွဲချ အမှားစ၏။

လောဘ ဒေါသ၊ ထိုမောဟတို့
များလှကြီးမား၊ ရစ်နှောင်ထားက
အမှားသာလျှင်၊ ဆက်ကာနင်၍
ပျော်ရွှင်အေးချမ်း၊ ဝေးကွာလှမ်းလျက်
ထွက်လမ်းပျောက်ကင်း၊ ပူလောင်ခြင်းနှင့်
သက်ဆင်းအပါယ် သံသရာလည်လိမ့်တကား။

www.burmeseclassic.com

www.burmeseclassic.com


# ယုံကြည်ရာ ဘဝလမ်း

ကောင်းမှု
ပြုခဲ့သမျှ ခံစားရဖို့
ဘာမှနှောင့်ယှက်၊ ဆိုးမဖက်နိုင်
လှမ်းဆက်ခရီး၊ ဖြောင့်ဖြောင့်ကြီးသာ
ကောင်းချီးစုံလင် ဂုဏ်ပေါင်းဆင်။

မကောင်းမှု
ပြုခဲ့သမျှ ခဝါချလို့
ဘဝဆက်လှမ်း၊ ခရီးလမ်းကို
မျှော်မှန်းလျက်သာ၊ ကောင်းဖို့ရာတွက်
ရင်မှာစိတ်ကူး၊ မရည်စူးနှင့်။

ကောင်းမှု မကောင်းမှု၊ ထိုနှစ်ခုအား
ရှေးရှုဝေဖန်၊ အပြန်လှန်ဖြင့်
မှားမှန်ခွဲခြား၊ သိတရားနှင့်
ပိုင်းခြားသုံးသပ်၊ စိတ်ဆုံးဖြတ်ကာ
ရပ်တည်နေထိုင်၊ အခြေခိုင်ဖို့
မဏ္ဍိုင်ကောင်းမှု၊ စွမ်းအားပြုမှ
ယခုလည်းကောင်း နောင်လည်းကောင်းမည်တကား။

www.burmeseclassic.com

www.burmeseclassic.com


# အရင်းခံ

ပန်းပွင့်လေးတွေ၊ လွင့်ကာကြွေ၍
မြေထက်ခုန်ချ၊ ညှိုးကာကျလျှင်
အလှသစ်ဆန်း ပြန်မလန်းခဲ့။

စပ်းချောင်းလေးတွေ၊ မိုးမခွေလျှင်
စမ်းရေခြောက်ခန်း လှမလွှမ်းခဲ့။

နရာမှရင့်၊ အသီးပွင့်တို့
ရင့်သည့်ချိန်ခါ၊ ရောက်အလာတွင်
နောင်ခါနုပျို၊ မရှန်းစိုခဲ့။

လူ့ဘဝကား
နှမ်းပါးအခြေ၊ အောက်ကျနေ၍
ပြေလည်မှုကင်း၊ နိမ့်ကျခြင်းနှင့်
ဆင်းရဲခံစား၊ ကြုံတွေ့ငြားလည်း
ခွန်အားခြေခံ၊ အသိဉာဏ်ဖြင့်
မွမ်းမံလို့လ၊ စွမ်းဆောင်ကြပြီး
ဘဝအားအင်၊ ဖွဲ့မာန်ဝင်ကာ
အစဉ်ကြိုးစား၊ သိနိုးကြားလျှင်
တိုးပွားဘဝ၊ စိတ်ချမ်းမြမည်
အလှတစ်ဖန် သစ်တကား။ ။

www.burmeseclassic.com

www.burmeseclassic.com



## သုခလမ်း

အလိုဆန္ဒ၊ မပြည့်ဝလျှင်
ဒေါသစိတ်ရိုင်း၊ ဝင်ကာစိုင်းပြီး
မှိုင်းတိုက်မနှေး၊ ပင့်ကာပေးလျက်
အတွေးလမ်းကြောင်း၊ အမှားပြောင်း၍
စိတ်ထောင်းကိုယ်ကြေ၊ စိတ်တွေဝေကာ
အနေဆင်းရဲ ဘဝမွဲလိမ့်။

လောကဓမ္မ၊ လိုတိုင်းတကာ
မရဘယ်ခါ၊ အစဉ်လာမို့
ခန္ဓာငါးပါး၊ ရုပ်နာမ်တရားဓမ်
ဖြစ်ပွားလျက်စဉ်၊ အနိစ္စပင်ကို
ဆင်ခြင်ဉာဏ်ပွား၊ သတိထား၍
တရားနှင့်သာ၊ နေထိုင်ပါမှ
လူ့ရွာလောက၊ ဤဘဝတွင်
ချမ်းမြအေးငြိမ်း လိမ့်တကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# ရိက္ခာမှန်

တိုက်တာကြီးမား၊ အထပ်များနှင့်
ရှည်လျားဝိုင်းခြံ၊ ပိုင်ဆိုင်ပြန်၍
ဇိမ်ခံကျူနေ၊ နေထိုင်ကြလည်း
တစ်ဘဝသာ နောင်မပါ။

စိန်ရွှေပတ္တမြား၊ စုပုံထား၍
ဝင့်ကြွားထည်ဝါ ဂုဏ်ရှိပါလည်း
သံသရာလမ်း၊ ဝတ်ဆင်ပြန်ဖို့
ဆက်လှမ်းရတာမှာ နောင်မပါ။

တန်ဖိုးကြီးမား ဇိမ်ခံကားနှင့်
ခံစားစည်းစိမ်၊ များဂုဏ်ရှိန်တို့
ဝင်းထိန်ထွန်းတောက်၊ ထည်ဝါမောက်လည်း။
နောက်ဘဝတွင် ကင်းဝေးစင်။

နောင်ဘဝတွက်၊ ရိက္ခာဆက်ဖို့
ကိုယ့်တွက်ကျိုးများ၊ အတိုးပွားကား
ထားရှိစေတနာ၊ အကြင်နာနှင့်
များစွာလှူဒါန်း၊ ပေးဝေကမ်း၍
ဆက်လှမ်းဆောင်ငှာ၊ မြတ်ဒါနတို့
သီလဘာဝနာ၊ သံသရာတိုင်
ရိက္ခာအမှန် မြတ်ပါတည်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# လယ်ယာမြေ အောင်ပွဲ

'မြစ်ရေတင်' ဆည်ရေပေး
စိုက်ပျိုးရေး လမ်းသစ်ထွင်၊
တစ်နှစ်မှာ သုံးသီးစား
အားရဖွယ်ပင်၊
တိုင်းပြည်ကို အလှဆင်
ရွှေပင်တွေ အုံ့မခန်း။
သီးနှံစုံ စိုက်ကာပျိုး
ထွက်တိုးရည်မှန်း။

'မိုး' 'ဆောင်း' 'နွေ' ခါမရွေး
စိုက်ပျိုးရေး အခြေတည်၊
မြေဩဇာ စုံလင်ကျွေး
ထွန်ရေးစုံညီ၊
အထွက်တိုး အောင်မြင်ပြီ
အားမာန်ချီ လယ်သမား။
စီမံကိန်း ကျော်ကာတက်ရန်
ရှေ့ဆက်ကြိုးစား။

www.burmeseclassic.com

www.burmeseclassic.com



နည်းပညာ စနစ်သစ်
ထွန်းပေါ်လှစ် လယ်ယာမြေ။
နွားထွန်မှ စက်ထွန်ပြောင်း
ကောင်းမြတ်ခြေနေ။
ပေါ်များတဲ့ 'ဆည်ရေ'
'မြစ်ရေ' က အစဉ်ရှိ။
'မြေအောက်ရေ' စက်ရေတွင်းနဲ့
စိုက်ခင်းတွေ လိုသလိုရ
ပြည်တွင်းမှာ စားဝတ်ရေးက
တွေးပူပင် ဘယ်မရှိနိုင်ဘူး
ထူးခြားစွာ အောင်မြင်ခဲ့ပြီမို့
တို့ပြည်ခွင် လယ်ယာစခန်းမှာ
သစ်ဆန်းပါဘိ။ ။

www.burmeseclassic.com

www.burmeseclassic.com



# အညာမြေ အောင်ပွဲ

ဟိုယခင်ခါ၊ တို့အညာမှာ
မရွာမိုးမင်း၊ မြဲရှောင်ကွင်းလို့
ကန်တွင်းမှာပင်၊ ရေမဝင်မို့
နေ့စဉ်သောက်ရေ၊ ရရှိလေဖို့
တစ်မြေကွာခြား၊ ချောင်းစပ်နားထိ
နွားလှည်းကိုဆင်၊ ရေစည်တင်၍
နေ့စဉ်အလုပ် အမြဲရှုပ်ခဲ့။

ဟိုစဉ်တုန်းက၊ အညာဒေသမှာ
ရေကရှားပါး၊ မိုးမများနဲ့
ရွာနားဝန်းကျင်၊ ရေမတင်မို့
ရေစင်တစ်အိုး၊ ရှက်သယ်ပိုးဖို့
ချောင်းရိုးသဲခင်း၊ လက်ယက်တွင်းကို
အတင်းလုယက်၊ ရေခပ်ထွက်ရ
စိတ်ပျက်ပင်ပန်း အမြဲနွမ်းခဲ့။

ဟိုစဉ်ခါတွင်၊ အညာတစ်ခွင်မှာ
ရေလျှဉ်စိမ့်စမ်း၊ ဝေးကွာလှမ်းလို့
ခြောက်ခန်းကျစ်တီး၊ ကုန်းမြေကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပူမီးတောက်လောင်၊ မိုးကခေါင်မို့
တောင်ကလေဟော၊ တသောသောနှင့်
စိတ်မောနွမ်းကြေ၊ မြေမပြေနဲ့
သောက်ရေရှားရေး၊ ရွာအဝေးသို့
ပြေးလွှားနေ့စဉ်၊ ရှာဖွေနှင့်ရ
သဲရင်တုန်လှိုက် မြဲဗိုရှိုက်ခဲ့။
ခုတော့အညာ၊ ရေသိတာအား
ဖွေရှာဖို့ရေး၊ မကြံတွေးတော့
အဝေးချောင်းစပ်၊ ရေမခပ်တော့
မပြတ်ရေထွက်၊ ရေမှုတ်စက်မှ
နေ့ရက်ချိန်မှန်၊ ရေပြည့်လျှံလို့
အုတ်ကန်အတွင်း၊ ရေတွေတင်းလာ
ရွာတွင်းလယ်တွင်၊ ရေစက်ဆင်၍
လှူရှင်ကုသိုလ်၊ သောက်ရေချိုနှင့်
စိုပြည်အေးချမ်း၊ မြွှင်လန်းပြီ
ပြုံးပန်းဝေကာ အလှဖြာတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကျေးလက်အလင်း

ကမ္ဘာတစ်ဝန်း၊ သတင်းဆန်းကို
ပွင့်လန်းနေချင်၊ အသိနှင်း၍
အလင်းကျေးလက်၊ ပြန်ကြားဆက်သည်
တိုးတက်ခေတ်မီ၊ ထွန်းပေါ်သည်တည့်
ဂုဏ်ရည်ဖိုးထိုက် စာကြည့်တိုက်။

နိုင်ငံတစ်ခွင်၊ ဘက်စုံနှင်သည့်
စွမ်းအင်သစ်လျှမ်း၊ မြို့ကြီးပမ်းပုံ
လုပ်ငန်းဖွံ့ဖြိုး၊ များကောင်းကျိုးတို့
တိုးတက်သတင်း၊ နေ့ချက်ချင်းပင်
အလင်းဖြန့်ကာ၊ တို့ကျေးရွာမှ
စာကြည့်တိုက်လေး ပြန်ကြားမနေး။

ရှာနယ်မဂ္ဂဇင်း၊ ပေါင်းစုနှင်း၍
အပြင်းပြေဖတ်၊ အပျော်ဖတ်နှင့်
ဇာတ်လမ်းရှုပ်ပြောင်၊ များစာစောင်တို့
လှူဒါန်းလမ်းပြ၊ စာရသဖြင့်
သုတစွယ်စုံ၊ ပေါ်ပြည့်စုံစွာ

www.burmeseclassic.com

www.burmeseclassic.com



ရိပ်မြုံအလင်း၊ အမှောင်ခွင်းသည်
ကောင်းခြင်းဖိုးထိုက် စာကြည့်တိုက်။

ညြော် ......

ရွာသူရွာသား၊ စုပေါင်းအားဖြင့်
ကြိုးစားဝိုင်းကူ၊ စိတ်ထားဖြူ၍
ပြည်သူများစွာ၊ သိတိုးလာဖို့
စာပေဒါန၊ လှူဒါန်းကြကာ
အလှူရှင်ဝေ၊ ကျေးလက်မြေတွင်
အခြေတိုးဆင့်၊ များဂုဏ်မြင့်သည်
ထူးတင့်စာကြည့်တိုက်ပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# အလှသစ်ချိန် အားသစ်ချိန်

အပိုမြန်ပြည် (မြေ) တို့တိုင်းပြည် (မြေ)
ဖွံ့ဖြိုးဝေစည် သာလေစွ
လှပါရဲ့လား လှရဲ့လား။
ထွက်တိုးစိုက်ခင်း ယာလယ်ကွင်း
မှည့်ဝင်းသီးနှံ ပေါ်ပြည့်လျှံ
လှတန်ကြွယ်စွ လှပေစွ။

ဖွံ့ဖြိုးရေးတွေ ကြိုးပမ်းနေ
ပြည်နယ်အနှံ့လေ အထောက်အကူပြု
တိုးတက်မှုများ ရှိရဲ့လား။
နယ်စပ်မှလေ ပြည်မမသွေ
ဆေးရုံတွေကျောင်း လမ်းတွေကောင်း
မြစ်ချောင်းကိုပင် တံတားဆင်
စည်ပင်နေပေါ့ စည်ပင်ပေါ့။

သွေးချင်းစုံညီ တို့တိုင်းပြည်
စိတ်ထားတူညီ စဉ်လက်တွဲ
မြဲပါရဲ့လား မြဲရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



လက်နက်ငြိမ်းချမ်း လဲလှယ်ဆန်း
ဆက်လှမ်းမေတ္တာ ကူးယှက်ကာ
အလှသစ္စာထူးပါပေ့ ထူးပါပေ့။

ရိုးရာမပျက် ထိန်းသိမ်းလျက်
ဘိုးဘွားစဉ်ဆက် အမွေခံ
ဇာတိမာန်တွေ ရှိသေးလား။
မျိုးချစ်စိတ်များ လက်ကိုင်ထား
အားမာန်တွေသစ် တိုင်းပြည်ချစ်
ကျွန်စနစ်ဒဏ် တို့မခံ
နယ်ချဲ့မှန်ရင် တိုက်မှာပဲ တိုက်မှာပဲ။ ။

www.burmeseclassic.com

www.burmeseclassic.com



# ရေစုန်လိုက်သူသို့

ရေစုန်ကို မျှောကာလိုက်
ရှက်တိုက်လို့ လှေမလျော်။
ရေသာခို အချောင်လမ်း
စိတ်မှန်းရည်မျှော်။
လှံ့လအား မစိုက်ခဲ့သော်
နောင်ခါနော် အဆန်လမ်း။
မှန်တိုင်းထန် လေဆန်ဖျက်လို့
မိုးသက်နှင့် လှိုင်းဂယက်ထန်တော့
ရှက်မနိုင် တက်မကိုင်တတ်နဲ့
အားပြတ်ခွေနွမ်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသား ပဲ့ပြင်မှု

စမ်းရေကကြည်
နေခြည်ကထိုး။
ရေဇလာ ရွှေရောင်ဟပ်
ပေါင်းစပ်မှုမျိုး။

စမ်းရေကပြာ
လစန္ဒာ အရောင်ထိုး။
ရေဇလာ ငွေရောင်ဖွေး
အေးမြမှုမျိုး။

ကိုယ့်ရင်ထဲ ချစ်ဝေဒနာ
ကာရန်တွေ ဖန်ဆင်း။
ရင်ထဲမှာ ကဗျာတွေဖြစ်
စိတ်ညစ်မှုကင်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# အမြင့်တက်သူများ

ကောင်းကင်ကိုသွား၊ တိမ်ညွန့်စားပြီး
နားခိုဖို့ရေး၊ နေရာရွေးမှ
ကျေးငှက်မြကန်း၊ မြေထက်နန်းကို
စံမြန်းဖို့ပင်၊ သိုက်အုံဆင်သည်
အသင်ဇီဝဂိုး ငှက်မိုက်ဆိုး။

မိုးစွန်ဘုံဖျား၊ ဆန်တက်သွားပြီး
မော်ကြွားမာန်ဝင့်၊ ဘဝင်မြင့်ရင်း
လေလွင့်ကြိုးပြတ်၊ မြေပြန်ကပ်သည်
ထက်ရပ်ကျူးလွန် လေတံခွန်။

အမြင့်လှမ်းတက်၊ အနွယ်ဖက်ပြီး
ဂုဏ်မက်ဝင့်ကြွား၊ မာန်တွေထားလည်း
မှီအားကုန်လျှင်၊ အောက်ပြန်နှင်ခဲ့
အပင်ညွန့်ဝေ နွယ်ပင်တွေ။

ကျောခိုင်းနိမ့်ချ၊ ထင်သေးကြ၍
အားကျတက်လှမ်း၊ အမြင့်မှန်းပြီး
လမ်းခုလတ်တွင်၊ အောက်ပြန်နှင်ကာ
နိဝင်ပြန်နား ကြတကား။

www.burmeseclassic.com

www.burmeseclassic.com



## ထမင်းအိုး ဟင်းအိုး

အပြင်မည်းသမျှ ညစ်ပေလှလည်း
တွင်းကသန့်ရှင်း၊ ကျက်အောင်နှင်းလို့
ထမင်းဟင်းလျာ၊ စားဖွယ်ရာကို
ကောင်းစွာဖြစ်ရေး အမည်းခံပေးတကား။

www.burmeseclassic.com

www.burmeseclassic.com



# ရက်ကန်းစင် ဖူးစာ

ညအခင်းမှာ၊ လမင်းသာ၍
ကညာနမ၊ ချည်ကိုချလျှင်
ချိုမြစကား၊ မြဲပြောကြားတတ်
နားကပ်တွတ်ထိုး၊ မောင်လှဆိုးနှင့်
ချစ်မိုးတွေစွေ မေတ္တာဝေ။
ရစ်ခွင်အနား၊ ချစ်အစဉ်ပွားကာ
စကားရိသဲ့၊ ပုံကြီးချဲ့၍
ခနဲ့ခနိုး၊ စိတ်မရိုးဘဲ
တွတ်ထိုးတတ်သူ၊ မေ့သည်းဖြူနှင့်
ကြင်သူနှစ်ဦး၊ ချစ်ရည်လူး။
ကွက်ဆန်းအထွင်၊ ရက်ကန်းစင်မှာ
ကြင်နာသမှု၊ စဉ်လာပြု၍
အညှုအချွဲ၊ အမြဲကဲကာ
မေ့သည်းအစ်ကို၊ ချစ်ရေးဆိုလျက်
ချိုသာကြည်နူး ပီတိထူး။
သည်ဝါအကျွတ်၊ ကြည်သာညွှတ်လို့
ထွတ်မြတ်မင်္ဂလာ၊ လက်ထပ်ပါစို့
ဖူးစာဆုံစည်း၊ နှစ်ကိုယ်နီးဖို့
နှီးနှောတိုင်ပင်၊ ပျို့လုပ်ခွင်၌
ကြင်နာလွှမ်းခြုံ နေတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# အစ်ကို့လယ်တော ပျို့လယ်တော

မိုးလည်းမကျ၊ ပျိုးမချခင်
အားရအောင်ပင်၊ ထွန်ရေးငင်ရ
ပေါင်းသင်မှိုက်ရှင်း၊ မြောင်းပြင်ခြင်းတို့
လယ်ဆင်းအတူ၊ ဝိုင်းဝန်းကူတတ်
ကြင်သူသက်လျာ၊ ဇနီးကညာနှင့်
တွဲကာတူယှဉ် လယ်လုပ်ခွင်။

မိုးလည်းအကျ၊ ပျိုးကြဲချလျှင်
နမသက်ထား၊ အိမ်မနားဘဲ
တောသွားအတူ၊ ပျို့ချစ်သူကို
ဝိုင်းကူတောင်းရွက်၊ မျိုးကြဲပက်လို့
ရွှံ့ဗွက်လယ်တွင်း၊ ရေထဲဆင်းလို့
အတင်းသယ်ပို့ ချွေးစို့စို့။

မိုးအစဉ်ဆက်ချ၊ ပျိုးပင်ရက်ရလျှင်
လုံ့လတူညီ၊ လယ်တောဆီသို့
ကိုယ်စီဝန်တာ၊ ခွဲဝေကာဖြင့်
မောင့်မှာပျိုးနုတ်၊ သယ်ပို့လုပ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပျို့လုပ်ဆောင်တာ၊ ချက်ပြုတ်ကာနှင့်
လယ်မှာကောက်စိုက်၊ ပျိုတစ်သိုက်နှင့်
ရောလိုက်တူနှော၊ စိတ်မမောနိုင်
တောသူ့စွမ်းအင် လယ်တောခွင်။

အစ်ကိုလယ်တော၊ ပျို့လယ်တောမို့
မမောနိုင်ပင်၊ လယ်လုပ်ခွင်၌
ပင်ပန်းမပူ၊ ရှင်လန်းပြုကာ
ပူမှုဗျာကင်း၊ အေးချမ်းခြင်းဖြင့်
မိုးတွင်းဆောင်းနွေ၊ အားသစ်ဝေပြီး
နေထွက်နေဝင်၊ ပျော်ပျော်ရွှင်နှင့်
နေ့စဉ်တောဆင်း၊ လို့လနင်းသည်
စိုက်ခင်းထွက်တိုး ရေးပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# ရေခပ်လမ်း

ခရမ်းရောင် မိုးကောင်းကင်
နေအဝင် ညနေချမ်း။
ပျိုလှပျို ခြေရာထပ်
ရေခပ်တဲ့ လမ်း။၄

ပန်းအလှ မျိုးစုံ
လုံမေတို့ ပန်ဆင်မြ။
ညနေချိန် အလှထူး
ရှင်မြူးလျက်ပဲ။

ပါးစပ်တွေ သာလိကာ
ပျော်ရွှင်စွာ လှောင်ပြောင်စ။
သည်းခံကာ ခွင့်လွှတ်ထား
ကျီစားသန်ကြ။

အပြုံးပန်း တဝေဝေ
ရေအိုးတွေ ကိုယ်စီရွက်။
ကိုလှပျို လာလို့ငမ်းမှ
ခြေလှမ်းတွေသွက်။

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာ၏ လုံမေခင်
ရိုးရိုးယဉ် မျက်နှာထား။
လူပျိုမြင် အသည်းထိတ်
ရှက်ရွံ့စိတ်ပွား။

ပုလွေသံ ချစ်တေးမြူ
ပျိုတို့လူ လာလို့ချွဲ။
အကြင်နာ ကရုဏာသက်
မျက်စောင်းတွေခဲ၊

ကြည်နူးမှု ဝေဖြာ
ကျေးတောရွာ ရေခပ်လမ်း။
သဘောဖြူ မနောဖြူတဲ့
ကျေးလက်သူ လုံမေပျိုနဲ့
ကိုလူပျို ဆုံကာတွေ့
နေ့ညနေချမ်း။ ။

www.burmeseclassic.com

www.burmeseclassic.com



## ကျေးလက်ပွဲခင်း

ပတ်မသံ ဗေထိတီး
ပွဲခင်းကြီး လူပြည့်လျှံ။
တစ်နှစ်မှာ တစ်ခါပွဲ
ဆင်နွှဲပျော်ပြန်။
လှည်းဝိုင်းကြီး ဘေးပတ်ရံ
ပွဲကြည့်ရန် ကွပ်ပျစ်ခင်း။
ညလုံးပေါက် ပွဲကြည့်ရေး
လေးထားအားတင်း။

မလေးခင် ပျိုတစ်သင်း
ဈာခင်းလို့ နေရာယူ။
ထိပ်ဆုံးမှာ မီးရောင်အောက်
ဂုဏ်မောက်တောသူ။
သနပ်ခါး ဖွေးဖွေးမြူ
ပြုံးဟန်မူ မျက်နှာထား။
ခြယ်မှုန်းကာ ဝတ်ဆင်သ
အလှမာန်ကြွား။

ပွဲဇာတ်ခုံ ဘေးအစပ်
မတ်တတ်ရပ် လူပျိုတွေ။
ရွှီးအပြည့် စတိုင်ကျနဲ့

www.burmeseclassic.com

www.burmeseclassic.com



တန်ပြလျက်နေ။
ချစ်သူကိုရှာဖွေ
မိးရောင်တွေ ဝေ့ဝဲ။
ကညာခင် အနေခက်
မျက်စောင်းမာန်ခဲ။
လူထဲမှာ တိတ်တခိုး
မရိုးတဲ့ ကြည့်ချင်းဆုံ။
ညခင်းမှာ သည်ဒါပွဲ
အသည်းရင်ခုန်။
နဖူးစာ ရှယ်လယ်ပုံ
တွေ့ရကြုံ ချစ်ဇာတ်လမ်း။
ပွဲကြည့်လာ ပီတိထူး
ကြည်နူးရွှင်လန်း။
ကျေးလက်မြေ တောဓလေ့
ပျော်မွေ့ကြ ပွဲခင်းသာ
အေးချမ်းစွာ အန္တရာယ်ကင်း
ကောင်းခြင်းစုံစွာ။
နယ်လေးရပ် စုံလင်လာ
ဖော်သဟာ ဆွေတစ်သင်း။
ရင်းနှီးစွာ ကိုယ်စီပြုံးလို့
အမုန်းရန် ဘယာဝေးတဲ့
ကျေးလက်ပွဲခင်း။ ။

www.burmeseclassic.com

www.burmeseclassic.com



# ကျေးလက် ဘုရားပွဲ

ချစ်တဲ့သူငယ်လေ
သူငယ်ချင်းကောင်း၊ ယောက်မတို့လေ။

တစ်နှစ်တစ်ခါ တို့ရွာစည်ခြမ်း
သဒ္ဒါပွား မြတ်ဘုရားပွဲကို
စည်ခြံသဘင်ပွဲ ဆင်နွှဲချိန်ခါကျင်းပပြီ။

လှူဒါန်းစုစု ကောင်းမှုစုံလင်
စာရေးတံမဲ အားခဲဂုဏ်တင်လျက်
ဝေဖြာလွှင် စေတနာရှင် ပဒေသာပင်တို့ စည်မှုစည်၊

ဘုရားကုန်းတက် ရွာထွက်လမ်းမှာ
နွားလှည်းပြိုင် သံမြိုင်ညာလို့
ဖော်သဟာမော်ကာ မျှော်စရာလှည်းတန်းရှည်။

ဒိုးပတ်ဝိုင်း ဆူဆူညံ
တီးလက်သံ မိုးယံမြိုင်တော့
အယိုင်ကနင့် မြိုင်ထနင့်။

ပျိုလူပျို တွေ.ကြဲကြ
ရှမဝ အလှကိုယ်စီမို့
ကြာချိပြုံးနှင့် မက်လုံးနှင့်။

www.burmeseclassic.com

www.burmeseclassic.com



ရပ်နီးဝေး ညာတကာ
ပွဲတော်ခါ ဆိုလာတွေ့ရ
ချမ်းမြေ့ဖွယ်နှင့် လွမ်းဖွယ်နှင့်။

ဘိုးဘွားတို့ ကောင်းမှုယူ
သဒ္ဓါဖြူ ပေးလှူဒါန်းလို့
ဆွမ်းရေချမ်းနှင့် မုန့်ဆန်းနှင့်။

မျိုးဘာသာဖက် တိုးကာတက်လို့
ရိုးရာမပျက်ပ ဆင်နွှဲကြသရှင်။

ရွာပသာဒ ဂုဏ်ယူကြသည်
ဒါနနဲ့သာ ပျော်ကြပါသရှင်။

ဘိုးဘွားအရိပ် အမျိုးသားစိတ်နဲ့
နိုးကြားဖိတ်ကာ စေတနာပွားသရှင်။

ရွာလုံးကျွတ် မြတ်အလှူ
မြန်မာမှု အလံထူလိုက်သည်သို့
သဒ္ဓါဖြူ စံယူထိုက်ပြီမို့
စရိုက်ဘာသာ အရောင်မညှိုးရအောင်
ဆတိုးကာ တာဝန်ဆက်တယ်
ကျေးလက်ရွာ ဘုရားပွဲကို
ဆင်နွှဲတယ်လေး။ ။

www.burmeseclassic.com

www.burmeseclassic.com



# သုံးရာသီ ပြောင်းလဲခြင်း

နွေရုပ်လွှာ
ကြွေပြုတ်ရွက်ဝါ၊ မြေခကာနှင့်
ဇရာပုံနှိုင်း၊ ရိုးတံပြိုင်း၍
ကိုင်းခက်သစ်ပင် မပျိုလွင်။

မိုးအလှ
ဥဒေါင်းမြူးမြေ (မြည်)၊ ချက်နဝေနှင့်
ယာမြေလယ်တော၊ ရှုမြင်မောအောင်
တောတောင်တရိုး အလှဖြိုး။

ဆောင်းအသွင်
ကောင်းကင်တစ်ခုလုံး၊ နှင်းလွှာဖုံးတို့
နေလုံးရေးရေး၊ ချမ်းစိမ့်အေးသည်
မြသွေးရောင်ခြယ် အလှကြွယ်။

ရာသီဥတု၊ ပြောင်းလွဲမှုတို့
ရှုကြည့်မျက်မြင်၊ ကြည်တတ်လျှင်မှု
ပင်ကိုသဘာဝ၊ သူ့အလှနှင့်
လောကဓမ္မတာ၊ ဖြစ်စဉ်ပါတည့်
နိယာမတရား ပါတကား။ ။

www.burmeseclassic.com
F .2A

www.burmeseclassic.com



# တိမ်တောက်ချိန်

နေရောင်ဆလိုက်၊ အလင်းကိုက်၍
တိမ်တိုက်အဖျား၊ တိမ်ညွန့်နားတို့
များပြားအရောင်၊ အလှဆောင်လျက်
တောက်ပြောင်စေမှု၊ ထည်ဝါပြုလည်း
အတုရောင်စုံ၊ ခဏကြုံသည်
ဂုဏ်အင်ကင်းမဲ့ပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com


# မြန်မာ့စား

အသွားတစ်ဖက်၊ ထက်ထက်မြက်နှင့်
တစ်ဖက်အနှောင့်၊ အင်အားတောင့်ကာ
ဖြောင့်မှန်ဆုံးဖြတ်၊ မြဲသုံးသပ်၍
ရပ်တည်မှန်ကန်၊ သစ္စာနှံလျှက်
နိုင်ငံအတွက်၊ တန်ခိုးထက်အောင်
တစ်ဖက်အသွား၊ တစ်ဖက်အားမို့
လေးစားယုံကြည်ထိုက်ပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



## ကုသလ အမျှဝေခြင်း

တစ်တိုင်မက၊ နှစ်တိုင်မျှ၍
ရယူထွန်းညှိ၊ ထောင်သောင်းရှိလည်း
ပကတိအလင်း၊ တောက်ပဝင်းကာ
လျှော့ခြင်းနည်းပါး၊ မရှိခြားဘဲ
တိုးပွားမြဲခိုင် ဖယောင်းတိုင်သို့ .......။

မြတ်သောဒါန၊ ကုသလလည်း
အမျှတန်းတွေ၊ မြဲပေးဝေကာ
စေတနာမှန်၊ သဒ္ဓါလျှံမို့
ဖန်ဖန်ဂုဏ်ရည်တိုးတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# မွန်မြတ်စိတ်မွေး မြယဉ်ကျေး

- ရှက်ကြောက်နှစ်ဖြာ စိတ်မှာထားလို့
  သိက္ခာများတော့ ရှိရမယ်။
- ရိုးသားကာရယ် သစ္စာထားလျက်
  မေတ္တာများမပျက် ခင်မင်ကြွယ်။
- ကောက်ကျစ်ဉာဏ်ကြွယ် လုပ်ကြံကင်းလို့
  ဟုတ်မှန်ခြင်းနဲ့ ရပ်တည်မယ်။
- ရိုကျိုးရမယ် မိဘနှစ်ပါးကို
  အမိကထားလို့ တို့ကိုးကွယ်။
- ဆရာဆိုကွယ် အရေးထားပြုလို့
  လေးစားမှုနဲ့ ကိုးကွယ်မယ်။
- မွန်မြတ်စွာကွယ် အခြေခိုင်ပြုစို့
  နေထိုင်မှုနဲ့ ယဉ်ကျေးမယ်။
  ယဉ်ကျေးမယ်။ ယဉ်ကျေးမယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



# နှလုံးသားဆာနူ

- အလွမ်းလေးတွေ၊ ပန်းလိုကြွေလို့
  နွမ်းကြေသွားရင် ကောင်းမှာပဲ။
- အဆွေးလေးတွေ၊ သစ်ရွက်ကြွေလို
  လေလွင့်သွားရင် ကောင်းမှာပဲ။
- တမ်းတမှုတွေ၊ အိုင်ထဲရေလို
  မြေမှာခန်းရင် ကောင်းမှာပဲ။
- အချစ်တရားခံ၊ အကြောင်းဖန်သည့်
  ဆွေးကျန်လွမ်းရစ်၊ တမ်းတဖြစ်တွေ
  စွန့်ပစ်ပယ်ချ လိုက်ချင်တယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ထွက်ပေါက်

ကိလေသာ နွံတွင်းမှ
မလွတ်ကင်း များသူ၏
ဒုက္ခကို ကျော်မှာပိုး
ဖြစ်ဆိုး လျက်သာ။
ငြိမ်းချမ်းမှုရှာ
ခန္ဓာမှာ ကြုံတွေ့။
ကျင့်ကြံကာ အမှောင်ခွင်း၍
ဝိပဿနာ အရောင်လင်းရင်
လွတ်ကင်းမယ်လေ့။ ။

www.burmeseclassic.com

www.burmeseclassic.com



## အသွင်မတူ ဆည်းဆာ

လောကဆည်းဆာ၊ ရှုခင်းသာကို
ရင်မှာခံစား၊ အပြုံးများဖြင့်
နားယှူချိန်မှန်၊ လေညင်းခံပြီး
ဇိမ်ခံကြည်နူး_ပီတိထူးကြ။

ဘဝဆည်းဆာ၊ အိုဇရာကို
များစွာရှုံ့ကြောက်၊ ဖျာပါရောက်၍
ဖောက်ပြန်တွေးတော၊ စိတ်ဝယ်မောကာ
မနောဘဝင် မပြုံးရွှင်ပါတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# မူးယစ်ကင်းဝေး တိုက်ဖျက်မနှေး

- လူသားကမ္ဘာ၊ ခြိမ်းကာခြောက်လို့
  ဘိန်းဟာကြောက်ဖို့ ကောင်းလှတယ်။
- ဘိန်းမျိုးတွေရယ်၊ မူးယစ်ဆေးတို့
  အထူးစစ်ဆေး ရှောင်ရှားမယ်။
- မူးယစ်စုံကွယ်၊ အသူရာမျိုးမို့
  လူတကာအကျိုးကို ဖျက်ဆီးတယ်။
- စီးပွားပျက်လွယ်၊ ဘဝဆုံးလို့
  မရဏကုန်းသို့ မြန်းရမယ်။
- လူသားမျိုးနွယ်၊ အန္တရာယ်ဆိုးကို
  အမြန်ဖယ်ချိုးလို့ မြဲကာကွယ်။
- ဘိန်းမျိုးဘိန်းနွယ်၊ အသီးတို့ပျက်ဖို့
  မီးရှို့ဖျက်လို့ အမြစ်ဖြတ်တယ်။
- မူးယစ်ရန်စွယ်၊ မတိုးပွားရေးကို
  အမျိုးသားရေးနဲ့၊ ရှင်းလင်းဖယ်။
  ရှင်းမယ်။ ရှင်းမယ်။ ။

www.burmeseclassic.com

www.burmeseclassic.com



# အမွှန်လှမ်းနှင့် အောင်ပန်းဝင်

အမုန်းမာန်
မြုံးဟာန်နဲ့ ထိန်းချုပ်။
ဒေါသကို ပယ်ခွာပစ်
မေတ္တာချွန်းအုပ်။

မကောင်းမှု
ကောင်းမှုနဲ့ပိုင်စိုး
အကုသိုလ် ဖယ်ခွာပြု
ကုသိုလ်လွှမ်းမိုး။

အမှားစုံ
တရားဂုဏ် အသိလင်း။
ဝေဖန်ကာ ပိုင်းခြားကြည့်
သိဉာဏ်ထိုးထွင်း။

လူ့ဘဝ အလှဖြာ
သာသာယာ နေထိုင်မှု။
ကြံဆောင်ကာ အမွှန်လှမ်းကို
အောင်ပန်းဝင် ဝင့်ဝင့်ကြွားဖို့
ကြိုးစားအားပြု ။

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့ကျေးပွဲ

မြန်မာမှု အခြေတိုး
ဦးရွှေရိုး ကဖန်ယဉ်။
ဘုရားပွဲ အလှူပွဲ
အမြဲပါဝင်။
ရိုးရာပွဲစုံလင်
ပျော်ပျော်ရွှင် သူဆင်နွှဲ။
ဝိုင်းတော်သား ဇော်အပေါင်းနဲ့
စုပေါင်းကပွဲ။

တီးလက်သံ မြူးမြူးကြွ
နိုးသံက မြည်သံထုံ။
ဝါးလက်ခုပ် နဲ့လင်းကွင်း။
တေးချင်းသံ့စုံ။
ဝတ်ဆင်ထား တိုက်ပုံ
မြန်မာ့ဂုဏ် ပုသိမ်ထီး။
နှုတ်စမ်းမွှေး ခေါင်းပေါင်းစနဲ့
ကကွက်အံ့ချီး။

www.burmeseclassic.com

www.burmeseclassic.com


ပရိသတ် ဝိုင်းအုံခဲ

ရွှေရိုးပွဲ လူတွေစည်၊
အလှူခံရုံ အကြိုက်တွေ့
ပျော်မွေ့ ရှင်ကြည်၊
ခေတ်ဆက်ဆက် အခြေတည်
ကတာနည် မကွယ်ပျောက်၊
သူမပါ ပွဲမပြီးမို့
အလှူတကာ စွဲမငြီးအောင်
လူကြီးလူငယ် အကြိုက်တိုးတယ်
ရိုးရာဂုဏ်တောက်၊ ။

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာ့စာပေ

အသိဝိဇ္ဇာ၊ ညွန်ပြကာနှင့်
ရှောင်ခွင်အမှား၊ မလိုက်စားအောင်
မတရားအမှု၊ မပြုစုအောင်
တယောင်မိုက်ဆိုး၊ တောမတိုးအောင်
ကောင်းကျိုးဆောင်နှင်း၊ အမှောင်ခွင်းသည်
အလင်းပြာဝေ တို့စာပေ။

ရှုံးနိမ့်ဘဝ၊ စိတ်ဓာတ်ကျ၍
တက်ကြွမှုကင်း၊ နိမ့်ချခြင်းကို
အားတင်းမာန်ဝင်၊ တိုးတက်ချင်အောင်
ဉာဏ်ယှဉ်ကြိုးပမ်း၊ လုံ့လသွမ်း၍
အောင်ပန်းပြာဝေ တို့စာပေ။

မသိနားမလည်၊ အမှားကြွယ်၍
တွယ်တာစွဲလမ်း၊ စရိုက်ကြမ်းကာ
လမ်းမှန်ကိုပျောက်၊ လမ်းမှားလျှောက်သူ
ချောက်ထဲမကျ၊ မှောင်မချခင်
ဘဝပြောင်းလွှဲ၊ အလှကဲအောင်
အောင်ပွဲကိုစေ တို့စာပေ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာပေ၊ ကောင်းကျိုးဝေ၍
ခြေခံမူလ၊ မြတ်ဗုဒ္ဓ၏
ဟောပြည္ဆွန်ထား၊ မြတ်တရားနှင့်
မိန့်ကြားသံဃာ၊ ဆုံးမစာဖြင့်
ဆရာကဝိ၊ ပညာရှိတို့
နီတိစုံလင်၊ ရာဇဝင်မှ
ဂုဏ်အင်များပြား၊ လွန်ထူးခြားသည့်
အမျိုးသားစာပေ ပီတကား။ ။

www.burmeseclassic.com

www.burmeseclassic.com



# သိင်္ဂီရ ရိုင်မြေ

ကဗျာမိုးမင်း၊ ရှာဖြိုးဆင်း၍
ချစ်ခြင်းသံစဉ်၊ မြသစ်လွှင်ကာ
အစဉ်သီကျူး၊ တေးဖွဲ့မြူးမည်။

ကဗျာလမင်း၊ အရောင်လင်း၍
ဝင်းပသာယာ၊ အလှဖြာလျက်
ပြည်ရွာအနှံ့၊ အအေးဖြန့်မည်။

ကဗျာပွင့်ဟန်း၊ ဖူးပွင့်လန်း၍
ထုံလျှမ်းမွှေးကြိုင်၊ နံ့သာလှိုင်ကာ
မြိုင်ဆိုင်ဝေဆာ အလှဖြာမည်။

ကဗျာညင်းလေ၊ အနှံ့စေလို့
ပြေပြေသင်းသင်း၊ ဖြန့်ကြက်ခင်းကာ
ကောင်းခြင်းစုံစွာ ဝင်ဆန့်ပါမည်။

ချစ်ခြင်းရသ၊ သိင်္ဂီရနှင့်
ဝီရအားမာန်၊ အရှင်းခံ၍
မွမ်းမံစီခြယ်၊ ရသကြွယ်ပြီး
ထည်ဝါဖြာဝေ၊ ကဗျာတွေဖြင့်
မိုးမြေအနှံ့၊ ကြဲကာဖြန့်မည်
ရှင်းသန့်အေးချမ်း ပါစေသော်။ ။

www.burmeseclassic.com

www.burmeseclassic.com



## ရသဖြိုးလျှံ ဆန္ဒမှန်

ကဗျာပန်းလှ၊ စိကုံးသ၍
လောကအလယ်၊ ဂုဏ်ဝင့်ထည်အောင်
ကြွယ်ဝစီးပွား၊ တိုးတက်များအောင်
ကြိုးစားအားစိုက်၊ နောက်ယောင်လိုက်၍
လူကြိုက်များရေး၊ ဦးစားပေးသည့်
ရေးဖွဲ့ကဗျာ မဟုတ်ပါ။

ကဗျာဥယျာဉ်၊ အလှဆင်၍
လိုအင်လောဘ၊ စဉ်ပြည့်ဝအောင်
ရောင်းချဈေးခေါ်၊ ခွင့်ရေးမျှော်လျက်
ဒေါ်လာရရေး၊ စိတ်ကူးတွေးနှင့်
ရေးဖွဲ့ကြိုးစား၊ အလေးထားကာ
စီးပွားကဗျာ မဟုတ်ပါ။

ကဗျာပျိုးခင်း၊ လှဆင်နှင်း၍
ရင်းနှီးကြောင်းခံ၊ ငွေရရန်နှင့်
တိတ်ဟန်ထင်ရှား၊ ဂုဏ်ကျော်ကြားအောင်
စွမ်းအားထုတ်ပြ၊ မာန်မာနဖြင့်
အတ္တကဗျာ မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com




လက်ာပန်းခိုင်၊ ပွင့်လန်းမြိုင်၍
နိုင်ငံအကျိုး၊ ကိုယ့်လူမျိုး၏
ကောင်းကျိုးဆောင်ကာ၊ စေတနာနှင့်
ဝါသနာမူ၊ အခြေပြုကာ
လူမှုဝန်းကျင်၊ အလှဆင်လျက်
ယဉ်ကျေးအမွေ၊ တို့စာပေကို
ခြေခံခိုမှီး၊ ဖြည့်စွမ်းပြီးလျှင်
မီးရှူးတောက်ပ၊ မြတ်အနုတည့်
အလှကဏ္ဍာတွေ အမျိုးသားအရောင်၊
မြန်မာ့ဌာနေ တိုးပွားအောင်။ ။

---

ပ၈၊လ/၂၂၇/၂၀၀၃/စာဝေ (စာတည်း)/၁၀၀၀+၆၅ အုပ်/စာဝေ။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၂ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေစာပေဆု

ကဗျာပေါင်းချုပ်  ဒုတိယဆုရ

**မညိုးပန်းဝေ ဥယျာဉ်မြေကဗျာများ**

ရေးသူ.. မောင်စိုးမြတ် (ချောင်းဦး)

အဖ ဦးတော၊ အမိ ဒေါ် ရွှေသင်းတို့မှ ၁၃၂၂ ခုနှစ်တွင် ချောင်းဦး မြို့နယ်၊ မင်းတည်ကျေးရွာ၌ မွေးဖွားသည်။

၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သင့်ဘဝအောင်မြင်ရေးမဂ္ဂဇင်း တွင် ``မရွှေမိနှင့် ဆရာမသစ်'' စာမူဖြင့် စာပေနယ်သို့ စတင်ဝင် ရောက်ခဲ့သည်။ မြဝတီ၊ ဂီတပဒေသာ၊ နိုင်ငံ့ဂုဏ်ရည်၊ တေဇရုပ်စုံ၊ ရုပ်ရှင်အမြုတေ၊ ယုဝတီဂျာနယ်၊ တောင်သူလယ်သမားဂျာနယ်၊ မုံရွာ မဂ္ဂဇင်း၊ ချောင်းဦးမဂ္ဂဇင်းစသည်တို့တွင် စာပေကဗျာများရေးသား ခဲ့သည်။

၁၉၉၈ ခုနှစ်၊ သုဓမ္မမဏ္ဍိဇောတဓရ မုံရွာစန်းမောင်စာပေပြိုင်ပွဲ တွင် ကဗျာအထူးဆု၊ တပ်မတော်နေ့အထိမ်းအမှတ်စာပေပြိုင်ပွဲများ၊ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့စာပေပြိုင်ပွဲများတွင် ကဗျာဆုများ ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်၊ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ကဗျာပေါင်းချုပ် ဒုတိယဆုရရှိခဲ့သည်။

အမည်ရင်း ဦးစိုးလွင်ဖြစ်သည်။

နေရပ်လိပ်စာ – မင်းတည်ကျေးရွာ၊ ချောင်းဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။

www.burmeseclassic.com